ပုံပြင်မကြောအားသော မီဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်ဖုံထွန်းစာပေ

ပြောင်ကြီး

ကလေးရုပ်စုံစာစောင်း


ဆုပြည့်စုံဖွံ့ဖြိုးရေကစား မကွာပါ




cartoon
Win Myint Aung













သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်မှယ်ရာ ရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ငရဲဆိုတာရှိသလား...၊ဝဋ်လိုက်တယ်ဆိုတာတကယ်လား...၊
ကောင်းတာလုပ်ရင်ဘာဖြစ်မလဲ...၊မကောင်းတာလုပ်ရင်ဘာဖြစ်သလဲ... စတဲ့ မေးခွန်းများကို
သိဖို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလွင်ပျဲရရှိသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာယလုလင် (သံကြားမင်းကြီး ဦးမာယ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်းချိုင်မ်းသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွန်း+ မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဇောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- ၃၈ ဖြာမင်္ဂလာ
- ကောသလမင်းအိပ်မက် (၁၆)ချက်
- အရှင်မဟာမောဂ္ဂလာန်
- ဝိပါတ်တော်ဆယ့်နှစ်ပါး
- ငရဲကြီးရှစ်ထပ်
- ဆဒ္ဒန်ဆင်မင်း နှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- ငါးပါးပဉ္စသီ
- ရဟန္တာအရှင် ရှင်ဥပဂုတ္တ
- ပညာရှိအဘိုးအိုနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟတဲ့မိကျောင်းနှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှေကုန်သည်နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နှစ်ပါးနှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဇ္ဇာဓိရ် နှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ဃာဆရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗီမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု-သ-န-သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲဝံ့စွန့်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ဒွေးမယ်နော် ပုံပြင်ကမ္ဘာ ပုံပြင်များ
- နတ်သားဖြစ်မည့် ဖားကလေးနှင့်ဝိမာနဝိတ္ထုလာဇာတ်လမ်းများ
- ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏လျှောက်ထုံး ဟာသဇာတ်လမ်းများ
- သီလ၏အစွမ်းနှင့်ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နေ်ရထာ
- ဖခင်မေတ္တာ
- အဂ္ဂိလိမာလနှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- အတုလရှင်ရသေ့ဖြတ်ထုံးများနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- နောင်တော်ကြီးမင်းနှင့်မင်္ဂလာပုံပြင်များ

ဆုပြည့်စုံထွန်းစာပေ
အမှတ်-၅၀၈/၅၁၂(ခ-၁)(ပထမထပ်)၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၀၃၆၆၄၊ ၃၀၈၆၇၃။

ပြင်ကြည့်

ကလေးရုပ်စုံစာစောင်

---------- ၏ စာအုပ် ဖြစ်ပါသည်။

---------- က ဝယ်ပေးပါသည်။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃



အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက်

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ဆန်းဇော်၊ ရွှင်းကိုကိုနိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊

ဝင်းဝင်းမော်၊ သဋ္ဌာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

ဝင်းမြင့်အောင်

Computer

မင်းထွဋ်၊ ဝက္ကဝေ၊ ပိုပိုဇင်၊ မျိုးစုမာ၊ အေးသွယ်၊ မိမိဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္မူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၇၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၃၀။

ထုတ်ဝေသူ- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂၊(၂၁)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၇၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



http:/Quality.myanmaronlinesales.com

တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု

ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချိရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချိရေး

မိလျံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁-၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။



ကလေးရုပ်စုံစာစောင်

အမှတ် (၃၄) ၊ ဧပြီလ ၊ ၂၀၁၃ ခုနှစ်။

တံငါသည်နှင့်တန်ခိုးရှင်	✿	ပန်းချီဝဏ္ဏအောင်	၅
မင်းပင်ကောင်းလျက်မင်းမြောင်ဖျက်	✿	အရုပ်ဖော်မောင်ရဲသူ (ရန်ကုန်တက္ကသိုလ်)	၂၁
သဘင်သည်ဘဝမို့ခင်တွယ်ကြရှာ	✿	အောင်နိုင်(တက္ကသိုလ်)	၃၆
နတ်မကြိုက်တဲ့ပုံပြင်	✿	ဆန်းထွန်း	၄၁
စည်လွတ်ကြီး	✿	မောင်ခေတ်ထွန်း	၄၉
ပုံပြင်ဒဿန	✿	ကာတွန်းချစ်သူ	၅၇
သွေးချင်းညီအစ်ကို	✿	ခွန်ချိုသံသာ	၆၇
ရတနာ	✿	ကာတွန်းတာရာ	၇၁
အာဇာနည်စိတ်ဓာတ်	✿	လင်းသက်ဦင်	၈၁
မိုးပြိုမှာစိုးတဲ့ကြက်ကလေးပိစိ	✿	အောင်စိုးမျင့်	၈၅
ခေတ်သစ်ဟာသပုံပြင်များ	✿	ကာကြီး	၉၅
သားလိမ္မာပညာရှိ	✿	နန္ဒာမိုးကြယ်	၁၀၂
သူဖုန်းစားအိုကြီးနှင့်နတ်သမီး	✿	လင်းငြိမ်(အင်းစိန်)	၁၀၅
ခုနစ်မိုင်ရှည်မုတ်ဆိတ်နဲ့ဗိုးလက်မလေး	✿	မျိုးဇော်ထက်	၁၀၇

အယ်ဒီတာဝတ္ထု

ကလေးတို့ရေ...

ပက်ပင်မှာ တိုပြုန်းတွေရဲ့ နှစ်သစ်ကူးကာလ သက်ပွဲတော်ကြီး ကိုးရက်ပါတယ်။ ကမ္ဘာပေါ်မှာ ရှိတဲ့ လူမျိုးအသီးသီးမှာ နှစ်သစ်ကူးပွဲတော်တွေ ရှိကြတဲ့အထဲမှာ တိုပြုန်းတွေရဲ့ သက်ပွဲတော်ဟာလည်း ထင်ရှားတဲ့ ပွဲတော်တစ်ခု ပြုပါတယ်။ ဒါပေမဲ့ နိုင်ငံတွေမှာ တွေ့ရတဲ့သက်ပွဲရက်တွေဟာ မူတဲ့သူတွေ၊ အပေါ်အခြေတော်တွေနဲ့ ရိုင်ဝိုင်တဲ့ သက်ပွဲ၊ ရေပက်ခံသူကို ပက်သူက နှာကျင်ဝံလိုတဲ့ ဝေတနာနဲ့ ညှဉ်ပတ်တဲ့ သက်ပွဲအပြုံတွေ လာရပါတယ်။ သက်ပွဲဟာ နှင်းပုံဝရဲပုံဝရတယ်။

လူမျိုးတဝမျိုး ဂဲ့ ယဉ်ကျေးမှုနဲ့ ယက်ဒယ်ဒနတဲ့ သက်ပွဲပွဲတော်မှာဝတ္ထုဒဿကျေးပွဲတွေ သက်ကြီး ပုဂ္ဂိုလ်ပွဲတွေဟ ပဲလွတ်ပွဲတွေနဲ့ ဘုရားကျောင် ကန်တွေမှာသန့်ရှင်း ရေလွှတ်ကြတဲ့ ကောင် မျိုးကြီးသူတွေလည် ရှိကြတယ်။ ဒီလိုလူတွေကတော့ နှစ်သစ်ကို ပကလာရှိဖွာနဲ့ ကြိုဆိုကြတာပါဘူ။

ဘုရဉ်နှစ်သစ်ကို ပကလာရှိဖွာနဲ့ ကြိုဆိုနိုင်ကြပြီ ကလေ တိုးဒါ လုံးလွတ်လပ်ကျန်းမာ ပျက်ရှင်ဖွာနဲ့ တိုင်ပြည်ကို တကယ်ဒကျိုးပြုနိုင်ပမယ် ဇာတိဒေသကောင်တော့ ပြုဝ လာကြ ဝေပို၊ နှစ်သစ်မှာ ကောင်ဖွာသင်ယူနိုင်ပို ဆုမွန်ကောင်တောင်လိုက်ရပါတယ်ကွယ်။

လေးစားမှာကြွင်း


အယ်ဒီတာအစွဲ့

ကံကြီးသူနဲ့ ကံမကောင်းသူ


ပန်းချီ ကိုကိုကျော်


ဇာတ်ညွှန်း- ဆောင်ဖြိုင်ကြွယ်၊စလေမိုးနိုး




တစ်နေ့ ယနက်ျာ
ထော့ တံငါဒေသသို့
ကြွီးပာ ထုံးစံအတိုင်း ခြွေထဲကို
ထွက်ဘွားခဲတဲ့.
ဒါနဲ့ နောက်ဆုံးအာ
ကြွေယ်အစ်ခြွေ ငိုက်ကို
ခြွေထဲ ပစ်ချလိုက်
တယ်...
အဲဒေသဟုတ်နေ့ တစ်နေ့လုံး ငါးဖမ်း
ပေမယ့် ရသနေတောင်းတဲ့ အဆိုနဲ့ထိ
ငါး တစ်ကောင်ပဲ မမိဘူး တဲ့..





သူ့ဖိုက်ထဲမှာ ထေးလဲ့တဲ့
အရောင်းတစ်ခု ငြိနေတာ
ကို သိလိုက်လို့ ဆွဲတင်လိုက်
တဲ့အခါ...
ရောမ ငါးကြင်းကြီးတစ်ကောင် ဖြစ်နေ
သတဲ့.. ငါးကြီးက စကားနှုတ်းကျောက်ရဲ့
စွာ ကြွာဝှ်လိုက်ကြီး...
ကျွန်တော့်ကို လွှတ်
ပါဗျာ. ခင်ဗျားရဲ့ကျေးဇူးကို
မမေ့ပါဘူး...
အနားကြင်နာ
တတ်တဲ့ တံငါ
သားကြီးဟာ
ငါးကြင်းကြီးကို
ဖိုက်ထဲက ဖြေ
လွှတ်ပေးလိုက်
သတဲ့....


နောက်တစ်နေ့မှာတော့ တံငါသည်ကြီးဟာ မြစ်ဆိပ်ကို ရောက်လာပြန်တယ်...
မင်း.. ဘယ်သူလဲ..
ကျွန်တော်ဟာ နဂါးမင်းကြီးရဲ့ ကိုယ်ရံတော် ပါ...
မြစ်ဆိပ်မှာ သူ့ကိုစောင့်ကြိုနေတဲ့ လူငယ်တစ် ယောကျ်ားကို တွေ့ရှိကြရ တယ်...



မနေ့က သူ့သားတော်
လေးကို ဘင်္ဂလားကပ်
ထိုက်တဲ့ အတွက် နဂါး
တိုင်းပြည်ကို အလည်
ခေါ်ပို့ ဆောင်ခဲ့နေတာပါ...
တစ်ငါးသုံးကြိမ်ဟာ မနေ့က အပြစ်ကို သတိရစွဲနေတယ်
ဘိန့် နဂါးဘုရင်ကြီးရဲ့ နှမြောတတ်ကို ထိုက်ပါစွဲနေသတဲ့
နဂါးဘုရင်ကြီးဟာ
သူ့ကို ဘယ်နားစွာ
ကြိုဆို ဧည့်ခံတယ်...


တစ်နေ့ကြီးတစ်နေ့ စားကောင်းသောက်ကောင်းတွေ ကျွေးမွေးနေတာနဲ့ တံငါသည်ကြီးဟာ နဂါးပြုစ်ဖွာ ပျော်နေတယ်..
ဂေါ်ဘာတော်ကြွာတော့မှ ဆုခန်းကို ဘတ်ရလာလို့ ပြန်ဖွင့်တောင်းဖိသတဲ့..
ဘာလို့ ပြန်ဖွာလေ တံငါသည်ကြီးရယ်.. သည်ဖွာနေရတာ မပျော်လို့လား
လို့....မေးတတ်တဲ့
မပြန်လို့ မပြစ်လို့ပါ. ကျွန်တော့်ကို ပြန်ဖွင့်ပြပါ နဂါး ပင်းကြီးရယ်..
လို့ တံငါသည်က တောင်းပန်တယ်..



ဒါဆိုရင်တော့
သင်အလိုရှိတဲ့
ပစ္စည်းကို ပြောပါ.
ကျွန်တော်
အများကြီး မ
လိုချင်ပါဘူး
ကျွန်မ သားရဲ.
အသက်ကို လွှတ်ပေး
တဲ့အတွက် ကျွန်မမှာ
ဂုဏ်သျှ ကျေးဇူးသံ
ပတ္တမြားတွေပေး
ချင်လို့ပါ...
ကျွန်တော့်ကို
ကျေးဇူးပြုပြီးလေး
တစ်တုံးပဲ ပေးပါ.
ဒါနဲ့ နဂါးမင်းကြီး
က တစ်ဇါတသည်
ကို ဘယ်လောက်
ပြီးတစ်တုံး
ပေးဖို့ကတော်...


ထင်ပါသည်ကြီးဟာ အိမ်ကိုရောက်တော့
ဆူပိန်းမကို အဲသည်ကျောက်စိမ်းတုံး
အပ်ထိုက်သတဲ့....
အို ဖြစ်နိုးမ ကဲ
ကျွန်မ အိမ်ကြီး
အိမ်ကောင်းတစ်လုံး
နဲ့ နေချင်ထိုက်တာ
ပေါ့ဗျာ.
ဒီအခါ ချက်ချင်းပဲ ဘုတို့ရဲ့
ကောက်ဂိုးတဲ့လေးဟာ..
ကြီးမားတဲ့ ဝံအိမ်ကြီးအဖွင့်
ရောက်ပေါ်ထွားတယ်...



အိမ်ကြီးအိမ်ကောင်း နဲ့ နေရလို့
တံငါစာသည် လင်မယားဟာ ဝမ်း
သာ ပျော်ရွှင်နေကြတယ်..
သူတို့ အလိုရှိသမျှ စားစရာ
ဝတ်စရာ အသုံးအဆောင်
ပစ္စည်းတွေကလည်း ပါးစပ်
က ပြောလိုက်ရုံ နဲ့ အမြဲ
ရရှိသတဲ့ကွယ်..
နေ့ချင်းညချင်းပဲ တံငါစာသည်လင်မယား
ကြီးပွါးချမ်းသာလာတာကို မြဲထဲကလူ
တွေက အံ့သြကြရသတဲ့
သူတို့ ဘယ်လို
ချမ်းသာတာလဲ
မသိဘူး
တန်ခိုးရှင်
တစ်ယောက်ယောက်
က မလို့ ဖြစ်မှာပေါ့!



ဒီတာပဌာန်းဘယ်သူ
ပြုသုံ့ရုံနေပေမယ့်
တံငါသည်ကြီးဟာ
သူ့ဖြစ်ခဲ့ဘဝိုင်း ငါး
ဖမ်းချင်စိတ် တွေ
ဖြစ်ပေါ်လာတယ်..
မိန်းမရေ
ငါ ငါးဖမ်းဖို့
ဖြစ်ဆိပ်ကို သွား
လိုက်ဦးမယ်။
ဘယ်သူလာလာ
ကျောက်စိမ်းတုံးကြီးကို
ထုတ်မပြနဲ့နော်.
လို့ သူ့မိန်းမ ကို
မှာသွားခဲ့တဲ့..
တံငါသည်ကြီး အိမ်ထဲက ထွက်သွားတယ် ဆို
ရင်ပဲ လောဘကြီးတဲ့ မိန်းမကြီး တစ်ခဲ့ဟာ
အိမ်ကို ခေါ်ဆောင်
ကောက်လာတယ်.



သူ့လက်ထဲ
ဖွာလေရဲသီး...
လှပ တဲ့
ပတ္တမြား
တစ်လုံး
ကိုင်လာ
ခဲ့သတဲ့...
ဒီသူသီးတို့ ချမ်းသာ
နေတာကြားလို့ ဝမ်းသာ
ပါတယ်အော... ငါ ပတ္တမြား
တစ်လုံး ရောင်းရော
ဖြစ်လို့...
လာပြတာပါ...
ကျွန်မယောကျ်ားက
ဘယ်သူလောလော.. ကျွန်မတို့
ဖွာဂိုတဲ့ ကျောက် စိမ်းခဲ့းကို
ထုတ်မပြဖို့ ပြောထားပါတယ်..
ဒါကြောင့်
မဝယ်ပါရစေနဲ့
ဂျင်


လောဘကြီးတဲ့ သိန်းမ
ဟာ တံငါသည်ပဲလင်
မယားမှာ ကျောက်စိမ်း
တုံးဂျိမှန်း သိသွားတာပေါ့
နင်တို့မှာ ကျောက်စိမ်း
ဂျိတယ်လား.. ခဏလောက်
ပေးပြစမ်းပါဟယ်.. ကြွယ့်
ချင်ထို့ပါ...
တံငါသည် သိန်းမ
ခမြာ အတန်တန်
ငြင်းဆိုပေမယ့်..
လောဘကြီးတဲ့
သိန်းမက နားဝင်
အောင် ပြောတာ
ကြောင့် ထုတ်ပြ
လိုက်မိတာပေါ့..



အဲဒီသစ်ခရာပျာပါ
တံငါသည်လင်မယားနဲ့
နေတဲ့ အိမ်ကြီးပါဆ...
ကောက်ရိုးထဲလေး
ပြန်ပြစ်ချွားသတဲ့.
သူတို့ရဲ့ အသံုးအဆောင်ပစ္စည်းတွေ
ပါသွားလဲ ပျောက်
ကွယ်သွားသတဲ့...



ဖြစ်ဆိုပါက
တံငါသည်
ကြီး ပြန်
လာတဲ့အခါ
ဟောကိုဓိပ်း
တံငါကြီး ပြောက်
သွားမှန်း သိရ
တာပေါ့...
!
ဝေ...ာ...ဝှ...
သည်အခါ တံငါသည်ဇင်မယား
ပွေးထားတဲ့ ခွေး နဲ့ ကြောင်က
ကျွန်တော်တို့ ဂျာပေးပါ့မယ်ဗို့
ကတိပြုပြီး ထွက်သွါးသွားကြသတဲ့
သူတို့ဟာ ဂျာထဲမှာ ချက်ချင်းပြစ်
ပေါ်လာတဲ့ အိမ်ကြီး အိမ်ကောင်း
တစ်လုံးကို ထိုက်ဂျာကြတယ်...



ဟင်္ဂါဝင်ဖျာပဲ လောဘကြီးတဲ့
သိန်းမရဲ့ ဝံအိမ်ကိုတွေ့ကြရသတဲ့..
ခွေးဟာ တံခါး
ပွင့်ထားတဲ့
ဝံအိမ်ကြီးထဲ
ပြေးဝင်သွားပြီး
လောဘကြီးတဲ့
သိန်းမကို အသက်
မပြတ်ပောင်ပြီး
ဖိုက်ကိုက်လို့..
အိမ်ထဲက ထွက်
ပြေးသွားရသတဲ့..
ကြောင်ကတော့
လုပ်ရှိတဲ့ အိမ်ထဲက
ဖိုတရဲ့ ကျောက်စိမ်း
တုံးကို ချီယူပြီး ဘုရ.
သခင်ကို အပ်ဖို့က်
သတဲ့....


ခွေးကိုဆော့
အဝိဇ္ဇာပြင်ပြောပဲနေ
ဖို့ဘုံးဖြတ်ပေး
လိုက်သတဲ့....
တံငါသည်ကြီးဟာ
ကျောက်စိမ်းတုံးပြန်
ယူလာတဲ့ ကြောင်ကို
အိမ်ထဲမှာ နေစေဦး..
အိုကို ခွေးက မကျေ
နပ်ဘူး.ကြောင်က
အလွယ်တကူ အဖြတ်
ထုတ်အသားယူသွား
တယ်ပေါ့!.
အိုကြောင့်
အဲသည့်အချိန်
ကစပြီး ခွေးနဲ့
ကြောင်ဟာ ပြင်း
ခံယင်း ရန်သူ
ဆွေ ဖြစ်သွား
ကြသတဲ့ကွယ်..


မင်းပင်ကောင်းလျှက်
မင်းမျှောင်ဖျက်
မောင်ရဲသူ ဒုန်ကုန် တက္ကသိုလ်
မိတ်ဘီလာ ကနဦးတော်ကြီးမောက်
မိတ်ဘီလာမြို့နှုန်းဘယ်မှာခန့်ဝေးတဲ့
ဝန်ဆောင်းရွာသားမြိုးရာဇာဟာဦးစွာ
ဆိုသူနှုန်းအတူ အင်းဝဖုန်းပြည်ဝတော်ကို
လှိုက်လာခဲ့သတဲ့...
ဦးစွာရဲ့ ဇနီးရိုတဲ့
ငယ်စွန်ရွာကို ရောက်
ပေါင်းဖို ဆိုသူနှုန်း အသိ
အကျမ်းဖြစ်ယွားတယ်
ဦးစွာ


မောင်နီဟာ ပြောရဲ ဆိုရဲ
ရိုတယ်..ဗဟုသုတလည်း
အတော်အတန် ရှိတယ်..
ပယ်ဘုရင် ဖိုးကျော်နဲ့တွေ့တဲ့
အခါ ချဉ်းကပ်ပြီးနည်းပညာ
အကြံဉာဏ် တောင်းတယ်..
တစ်ခါက မောင်နီဟာ
အင်း၀ ရေပြည်သင်တော်ကို
ကူးနေစောင်းတက်သွား
ခဲ့ဘူးတယ်..



ဒါပေမဲ့ မင်းမှာထမင်းတွေရှိ၊ မတရားအနိုင်ကျင့်ခံရပြီး ယူကျာကိုပြန်လာခဲ့ရတဲ့ယ်
မောင်နိုလည်းရှက်ပြီး သူ့အကြောင်းကိုဘယ်သူ့မှ ပြောမပြဘဲ မတရားမှုကို တရားလာအောင် ဘယ်လို လုပ်ရမလဲစဉ်းစားကြံတွေး ကိုတက်ကြွနေတယ်..
မင်းမှာထမီး ထင်လှပ်ရင် မတရားမှုမျက်ပေါက်အောင် လှပ်နိုင်လိမ့်မယ် အဝတ်နဲ့ မောင်နိုဟာတောင်သူမလှပ် တော့ဘဲသူကြီးဆီမှာရှာသော် မင်းမှာထမီးအလှပ်ထင်လှပ်တယ်


အဲဒေမဲ့ သူ့ရဲ့ရှည်ရှယ်ချက်
မဒေအောင်မြင်ဘဲ စိတ်ဓာတ်သူ
အလယ် ပြုတ်ခဲ့ရခြင်းသာ
အဖတ်တင်နေသေးတဲ့ ..
ဖိုးကလေးတွေတောမောင်နှိပါဟာ
သူ့ခံစားချက်တွေကို ရင်ဖွင့်ပြီး
အကြံဉာဏ်တွေတောင်းခံတယ်
အင်း ဖိုးကလေးက
သူ့ကို နေပြည်တော်
ခေါ်သွားပြီးတရားဉပဒေ
စိုးမိုးမှုအကောင်အထည်
ပေါ်လာစေဖို့အစီအစဉ်
တစ်ခု ချပေးလိုက်တယ်


ဖိုးကျော်ရဲ့ အဆိုအစည်းအဝေးဝင်း မောင်နိုက လည်းအများက မင်းမှာ ဝထမီးတစ်ယောက်လို့ ဝင့်ကြွားတဲ့ကောင်းစားလဲ့ ဝတ်ပြီးလှတ်တော်အနီးမှာ ရစ်သီရစ်သီနေတယ်..
ဝန်ကြီးတွေ အယောင်အလာ များတဲ့ခရီးတွေမှာလည်း နောက်ပါလေးငါးယောက်နဲ့ လမ်းသလားပြတယ်..
ဒီလိုနဲ့ ရက်အနည်းငယ် ကြာတဲ့ သင်္ချိုင်းအဝင်မှာ ဟူရင်အလံစိုက်ပြီး အကောက် ရုံးပွင့်အယ်ဘာခွန်ကောက်ဖွဲ့ ဖြူးရာကနည်းကြားတော့ မောင်နိုကလိုက်လုပ်တယ်..


အဲဒီနေ့ကစပြီး ချယ်ဆယ်မှူး
အယူဘတွေကို သင်္ချိုင်းက
ဆီးပြီး အယူဘဖွန်ကောက်တယ်
ဟုရင့်အလုပ်ကို ပြောင်လို့
ဟုရင့်အဖိန့်နဲ့
ကောက်တယ်တဲ့ပြီး
ဟယ်သူကမှမမေးဘဲ
ကျယင့်တဲ့အဖွန်ကို
ပေးလောင်းသွားကြတယ်
တစ်နေ့တော့ သူတို့တော်
ဝန်ကြီးတစ်ဦး ရုံးခေတ္တမျိုး
ထကာအယူဘ တစ်ခု
ချလာတယ်။ ။


ယျက်နှာကြီး အသွားပြစ်လို့
ဝန်ကြီး ဝန်ကလေး အရာရှိ
အတော်များများ ပါလာတာပဲ
မောင်နိုက သမ္မိုင်းကအလောင်းခွန်
ကောက်တော့ အရာရှိတွေအံ့အား
သင့်ကုန်ကြတာပေါ့..
ဘယ်သူ့အဖိန့်နဲ့ အသုဘခွန်
ကောက်တာလဲ မောင်မင်းကို
ဘယ်သူက ခန့်တာလဲ..
သိချင်ရင် ဘုရင့်ဆီ
သွားမေးပါ ကျွန်တော်.
တာဝန်ကအခွန်မသောင်
နိုင်ရင်ဘယ်အလောင်း
ကိုမှ ချခွင့်မပြုပါဘူး


ဒါနဲ့ ဝန်ကြီးဖြစ်သူလည်း
စကားရှည်မနေတော့ဘဲ
အလွန်သောင်လိုက်ရတယ်
နောက်တစ်နေ့ လုပ်တော်ထဲ
ရောက်တော့ ဝန်ကြီးတွေ
သောင်းကျန်းရှိုက်ကြွေးကြတယ်
ဟုတ်အမိန့်ပဲ ဖြစ်ပါစေဦး
လုပ်တော်ကို အကြောင်း
ကြားစမြဲပါ.. အခုဘယ်လို
အကြောင်းမကြားတော့ ကောင်း
မိုလိုနဲ့ မောင်မိုးနဲ့
အဝေးပြေးပါတွေဟာ
ဟုတ်ရဲ့တော်မောက်ကို
အချုပ်နဲ့ရောက်ရတယ်


အရှင်မင်းကြီး ကျွန်တော်မျိုး ငနုံးစွန်ရာဃား ငနီ ဟာ ယက္ခရော်ရဲ့ ၇၂၇-ခု နတ်ဝေဟာလဆန်း ၉ရက် နေ့ကဒီနေ့ပြည့်တော်ကို ရောက်ခဲ့ပါတယ်..
ဒါနဲ့ ဟူရင်းက စစ်မေးတော့ ဖောင်နီကဖိုးရာဇာသွန်ကြား ထားတဲ့အတိုင်းလျှောက်တင်တယ်
ကျွန်တော်မျိုး အရပါက ဘုံးယီးကောင်းများစွာနဲ့ ဟင်းယီးဟင်းရွက်တွေကို လေငယ်နဲ့ယယီလာပြီး နေ့ပြည့်တော်မှာရွေးကောင်း ရမယ်ထင်လို့လာခဲ့တာပါ..



ဒီကောင့် သီးနှီးသီးပျား
ဖြစ်တဲ့ဟူးယီးတွေကို
လမ်းမှာဆီးပြီး ဝယ်ကြ
ပေမယ့်ကျွန်တော်မျိုးက
တစ်လုံးမှ မရောင်းဘဲ
နေပြည်တော်ရောက်အောင်
တင်ဆောင်လာခဲ့ပါတယ်..
နေပြည်တော် ဆိပ်ကမ်းကို
ရောက်တော့ အစွန်ကောက်နဲ့
တွေ့လို့ ဟင်းသီးဟင်းရွက်တွေကို
မကောက်ဘဲ ဟူးသီးတွေဝယ်က
အကောင်းဆုံး ဟူးသီးကြီးယုံးလုံးကို
အစွန်ဆိုပြီးကောက်ယူသွားတယ်
ဒါနဲ့ ကျွန်တဲ့ ဟူးယီးတွေနဲ့
ဖြိုထဲကိုဝင်လာခဲ့ရတယ်


ဒီအခါမှာ မြို့တံခါးဝက
တံခါးမှူးက အကောင်းဆုံး
ဟူးယီး သုံးလုံးကိုပဲရွေးပြီး
ကောက်လိုက်ပြန်ပါတယ်
အဲဒီကတစ်ပန်ရွေးကို
ရောက်ပြန်တော့ ရွေးစောင့်
ရွေးခေါင်း ရွေးလှည်းတွေက
ယွတစ်လုံး ဗျိတစ်လုံးနဲ့
နှိုင်းထက်စီးနင်း အဝင်းအဝမှ
ဆွဲငင်ယူကြပြန်ပါတယ်..
ဒါကြောင့် လမ်းမှာ
ကောက်ယူခဲ့ပြီးပါပြီလို့
ခယတောင်းပန်အသနားခံ
ပေမယ့် မရခဲ့ပါဟူး


ဒါကြောင့်ပါသမျှကုန်းသိုး
အကောက်ကိုင်ပ ပြီးပါ
တော့သည်သဘောနဲ့သိုး
အပြောကိုအမျက်အတက်
တစ်ပါးမှမရလို့စိတ်ဆင်းရဲပြီး
လေးလတိုင်တိုင်ငိုကြွေး
နေခဲ့ရပါတယ်ဘုရား
ဒါနဲ့ တစ်နေ့တော့ ကျွန်တော်မျိုး
စဉ်းစားမိတာကနေပြည်တော်မှာ
ဘယ်လို အခွန်အကောက်မခံဘို့
ဦးလှကသာဘယ်သူမှမထောက်
ထားဘဲလုပ်စားနေကြတာပါလား
ငါဟာလည်းယောကျ်ားတစ်ယောကျ်မဟုတ်ဘူးလား
သူတို့လိုမကျယ်နိုင်ဘူးလား
စဉ်းစားမိပါတယ်..


အကြောင့် ယောကျ်ားဖိုဖို
မင်းမှုထောက်ကို ထမီးဆောင်
နိုင်ရမယ်လို့ အကြံရပြီး
အယုဘတွေကို အသွန်ထောင်
ကောက်စားမိပါတယ်..
ဒီနောက်မှ အရှင်မင်းကြီး ထံ
ငွေတောင်ကို စာရင်းတင်ပြီး
ဆက်သတောဲ့မယ်လို့ စဉ်းစား
ဆုံးဖြတ်တားမိပါတဲ့ယ်..
ကျွန်တော်မျိုးကို သနားတော်
မူယုံဖြင့် ဘေးမဲ့ပေးတော်မူပါ
ကောက်ယူမိတဲ့အယုဘတွေ
ကို စာရင်းနဲ့တကွ
အပ်ပါတယ် ဘုရား..


ဒါနေ့ပြည်တော်မှာတောင်
မင်းမွေထဲမှာတွေ ဒီလောက်
ယောင်းကျွန်းနေခဲ့ရင်ကျွန်တဲ့
ကျွေးလက် ဂနာပုဒ်တွေမှာ
ဆိုရင်ပိုဆိုးတော့မှာပေါ့!
အင်း ယုဟာ နိုင်ငံထဲမှာ
ဥပဒေမဲ့ ဖြစ်နေတာကို
ငါဆီပေါက်ကြားစေချင်လို့
လှည့်ကွက်တင်ခွင့် ရအောင်
ရွယ်ရွယ်ဖြန့်ဖြူး ကြံစည်တာပဲ
ဒီနေ့ တရားဥပဒေ
လွှမ်းမိုးမှုကိုလိုလားတဲ့
မင်းတရား ဟာမောင်နှံကို
ပြစ်ဒဏ်မပေးဘဲ့လွှတ်မက
အယုဟာခွန်တွေကိုပါပေးသတဲ့


ပြီးတော့ မောင်နိုကို
ယူကောင်းပြုဖို့အပါးတော်မှာ
ခေါ်ထားလိုက်ပြီး တရားဘပဒေး
ဟောကိုဖျက်ကျူးလွန်သူတွေကို
အရေးယူဆောင်ရွက်တော်မူတယ်
ဒါကြောင့်ထွန်တံုးပေါ်ကပေါက်ဖွား
လာကြတဲ့ ဝန့်ရင်းရှာသား
ဖိုးရာရာနဲ့ ငန်းတွန်ရှာသား
မောင်နိုတို့ဟာ မတရားမှု
ပရပျောက်ပြီး တရားရောင်ခြည်သီ
ထွန်းတောက်ဖို့ကြိုးစား ခဲ့
ကြတာဟာအတုယူစရာပေါ့ကွယ်
ပြီး

သဘင်သည်ဘဝမှုံခင်တွယ်ကြရာ

အောင်နိုင်(တက္ကသိုလ်)



ရေမီးမြှောင်စေ့လေ အတတ်ပုံနှွေး
ပြင်စေ့နဲ့ ဂွဲရောသလား အတတ်ပုံနှွေး
သနားစရာ တောင်ချွန်းစေ့ဝယ် ဝဲတာသာ
ပုံတာသာ တူးလို့ ပျို့ အိမ်ထောင်ပေါ် ရာ
အတောင်ညှောင်းရုပ်ဆိုးပေး



ကလေးတို့ရေ . . .


ကြိုးကြာငှက်ကို မြင်ဖူးကြတယ်နော်။ ကြိုးကြာငှက်တို့ဟာ နားရာမှာပဲဖြစ်ဖြစ်၊ ပျံသွားရာမှာပဲဖြစ်ဖြစ် နှစ်ကောင်တွဲနေတတ်တယ်နော်။ တစ်ဦးကိုတစ်ဦးချစ်ကြလွန်းလို့ တစ်တွဲတွဲနေကြတာပေါ့ကွယ်။ ခုကဗျာလေးအရဆိုရင် အဖော်မပါ တစ်ကောင်တည်း ပျံသွားရှာတဲ့ ကြိုးကြာကို သနားစရာလို့ ဖွဲ့ထားတယ်လေ။ အဖော်ကွဲတာနဲ့ သနားစရာဖြစ်ရော့လား လို့။ သနားစရာဖြစ်တာပေါ့ကွယ်။ ဖြစ်တဲ့အကြောင်းကို ကလေးတို့ သိချင်ကြမှာပဲနော်။

တစ်ခါတုန်းက ဇောရွာတစ်ရွာမှာ သဘင်သည် ဇနီးမောင်နှံတို့ ရှိကြသတဲ့။ မောင်မင်းဖြူနဲ့ မသီတာလို့ ခေါ်ကြသတဲ့။ သူတို့နှစ်ဦးဟာ သဘင်ပညာရှင်ကြီးများ မဟုတ်ကြပေမယ့် ဝါသနာကြီးကြလွန်းလို့ ရွာနီးချုပ်စပ်မှာ လိုက်လံကပြပြီး အသက်မွေးနေကြသတဲ့။ ဒီလို သူများအတွက် ပျော်တော်ဆက်ဘဝနဲ့ အသက်မွေးရပါ့မလားဆိုပြီး နှစ်ဖက်မိဘတို့က သူတို့ဇနီးမောင်နှံကို အဆက်ဖြတ်ထားကြသတဲ့။ တကယ်တော့ နှစ်ဖက်မိဘတွေဟာ လူကုံထံ လူချမ်းသာတွေ ဖြစ်ကြလို့ သူတို့မောင်နှံအလုပ်ကို ဖက်ခွက်စားအလုပ်ဆိုပြီး မစ်မစ်ခါခါ အမွေဖြတ်ထားလိုက်ကြတာပေါ့လေ။

သူတို့မောင်နှံကတော့ သူတို့ဝါသနာအတိုင်း ကခုန်သီဆိုရင်း ပရိသတ်ကို ဖြေဖျော်နေရတာကိုပဲ ဂုဏ်ယူနေကြတယ်။ ကျေနပ်နေကြတယ်တဲ့။ ကြိုးစားပြီး ပညာလည်း ဆည်းပူးကြသေးတယ်။ ဒီလိုနဲ့ နှစ်အတန်ကြာလာတော့ သူတို့သဘင်အဖွဲ့လေးဟာ တစ်စတစ်စ နာမည်ရလာလို့ အတော်ဝေးလံတဲ့ ရွာတွေမှာကို သွားပြီး ကပြခွင့်ရကြပြီတဲ့။

တစ်နေ့ဇော့် ဝေးလံတဲ့ ကုန်ဒီခေါ် ရွာကြီးတစ်ရွာကို သွားကကြဖို့ သူတို့အဖွဲ့ ခရီးထွက်ခဲ့ကြပါရော။ နေမြင့်လို့ ထမင်းဆာချိန်မှာ ရေကန်ကြီးတစ်ခုအနီးရောက်ကြသတဲ့။ ရေကန်ဘေး ညောင်ပင်ကြီးတစ်ပင်အောက်မှာ အနားယူကြပြီး ချွေးတိတ်လောက်တဲ့အခါ အဖွဲ့သားအားလုံးပဲ ရေဆင်းချိုးကြ၊ ကြာဖူး ကြာပန်းတွေ ခူးကြ ပျော်ကြ ပါးကြပေါ့။

ရေချိုး၊ ထမင်းစားပြီးတော့ တချို့က တရေးတမော အိပ်စက်ကြတုန်း မောင်မင်းဖြူနှင့် မသီတာတို့ဟာ ကြာပန်းတွေကို တရိတသေ စည်းနှောင်ထုပ်ပိုးကြသတဲ့။ တချို့ကြာပန်းများကိုလည်း အရိုးကို ဘယ်ညာဆစ်ချိုးပြီး ကြာပုတီးတွေဖြစ်အောင် လုပ်နေကြသတဲ့။ ကလေးတို့ ကြာဆစ်ကြိုးလို့ခေါ်တဲ့ ကြာပုတီးကို မြင်ဖူးကြမှာပေါ့နော်။ အရိုးက အဆစ်လုံးလေးတွေဖြစ်လာပြီး ပုတီးစေ့ကို ကြိုးနဲ့ သီထားသလို စီစီညီညီနဲ့ အဖျားမှာတော့ ကြာပွင့်ကြီးက ပုတီးခေါင်းလိုလို၊ ဘယက်ပြားကြီးလိုလို တွဲလျားကျနေတယ်လေ။ ကလေးတို့ မင်းသုဝဏ်ရဲ့ ဟိုဏဗျာလေးကို ကြားဖူးရင် ကြာဆစ်ရိုးဆိုတာကိုလည်း သဘောပေါက်မှာပေါ့နော်။



“ကြာဖြူကြာနီ ကြာညိုနှောလို့
တို့လယ်တောမှာ မွှေးကြတယ်။
ကောက်စိုက်အပြန် ရေကန်ကြီးက
ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်။
ကြာပွင့်ကြောင့် ထုံထုံမွှေးကို
မလေးဘယ်သို့သုံးပါ့မယ်။
ကြာရိုးကြာနွယ် ဘယ်ညာဆစ်လို့
ရွှေကြာဆစ်ကြိုး ဆွဲပါ့မယ်၊ ဆွဲပါ့မယ်” တဲ့။

မောင်မင်းဖြူ ဇနီးမောင်နှံဟာ အဲဒီကြာဆစ်ကြိုး၊ ကြာဆွဲကြိုးတွေကို ညကတဲ့အခါ ဆွဲဆင်ကြမယ်လို့ အားခဲပြီး ပျော်နေကြသတဲ့။ အဲဒီအခိုက်မှာပဲ ရဟန္တာတစ်ပါး ကောင်းကင်ယံက ကြွမြန်းသွားတာကို မြင်လိုက်ကြတော့ သူတို့နှစ်ဦးလုံးကပဲ–

“မှန်လှပါ အရှင်မြတ်ဘုရား၊ တပည့်တော်တို့အား

သနားပါလျှင် မြေပြင်ကို ကြွဆင်းပြီး အလှူခံတော်မူပါဘုရား”

လို့ ပင့်လျှောက်လိုက်ကြတယ်တဲ့။ ရဟန္တာအရှင်မြတ်ကလည်း သူတို့ဆန္ဒအတိုင်း မြေပြင်ကြွဆင်းပြီး အလှူခံတော်မူတဲ့အခါ သူတို့မှာပါတဲ့ ရိက္ခာထဲက ထောပတ်မုန့်၊ ပျားရည်မုန့် စတဲ့ ဘောဇဉ်များကိုရော သူတို့ပြုလုပ်ထားတဲ့ ကြာဆွဲကြိုးများကိုပါ လှူဒါန်းလိုက်ကြသတဲ့။ ပြီးတော့ -

“ဤသို့ လှူရသောအကျိုးအတွက် ကြာပန်းကဲ့သို့ ဖြူဖွေးလန်းဆန်းပြီး ပျားရည်ကဲ့သို့ အသံချိုသာရပါလို၏” လို့လည်း ဆုတောင်းကြသတဲ့။ ရဟန္တာအရှင်မြတ်က-

“ပြည့်ကြစေ”

လို့ ဆုပေးပြီး စျာန်ယာဉ်နဲ့ပဲ ကြွသွားတော်မူသတဲ့ ကွယ်။

သူတို့ဇနီးမောင်နှံဟာ အံ့သြခြင်း၊ အားရဝမ်းသာခြင်းများ အတိုင်းမသိဖြစ်ရလို့ အဖွဲ့သားတွေကိုတောင် နှိုးမပြောမိဘူးတဲ့။ ခရီးဆက်ဖို့ နိုးကြတော့မှပဲ မောင်မင်းဖြူတို့က ရဟန္တာအရှင် ကြွလာကြောင်းကို ပြောမိတာပေါ့။ အဲဒီအခါ အဖွဲ့သားတွေဟာ အလွန်နှမြောဝမ်းနည်းခြင်းလည်းဖြစ်၊ ဒေါသလည်း ဖြစ်ကြတာမို့ အမောင်အမိတို့ဟာ မိတ်ဆွေကောင်း မပီသဘူး။ ဒါကြောင့် ယခုကစပြီး ဘဝအဆက်ဆက် မပေါင်းဖက်လိုတော့ဘူးဆိုပြီး လှည့်ပြန်သွားကြပါရောတဲ့ကွယ်။

မောင်မင်းဖြူ မသီတာတို့မှာ ဂီတအဖွဲ့ မရှိတော့ပြီဖြစ်လို့ အခက်ကြုံနေကြရပြီပေါ့။ ဒါပေမယ့် မောင်မင်းဖြူက အားတင်းထားပြီး ဟိုရောက်မှ ရွာခံတီးမှုတ်တတ်သူများနဲ့ ညှိနှိုင်းဖြေဖျောရမှာပဲလို့တွေးပြီး ခရီးဆက်ခဲ့ကြသတဲ့။

ကမယ့် ကုန်ဒီရွာကြီးရောက်တော့ သူတို့ မျှော်လင့်ထားသလို ဖြစ်မလာနိုင်တော့ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီရွာမှာ အတော်အတန် တီးတတ်မှုတ်တတ်သူ တစ်ဦးမှ မရှိလို့တဲ့လေ။ ဒါပေမယ့် ပရိသတ်က ကွက်စိပ်သဘောပဲဖြစ်ဖြစ် ဖြေဖျော်ပါလို့ တောင်းပန်ကြလွန်းတာနဲ့ သူတို့ဇနီးမောင်နှံနှစ်ယောက်တည်း ဖြေဖျော်ဖို့ စီစဉ်ကြရရှာသတဲ့။

မင်းသမီး မင်းသား အဝတ်အစားတွေ ဝတ်ဆင်၊ ကြာပန်းတွေ ခေါင်းမှာ ပန်ဆင်တဲ့အခါ မသီတာက စိတ်တစ်ချက် ထင့်သွားသတဲ့။ အော် ... ကြာဆစ်ကြိုးအားလုံးကို ရဟန္တာအား လှူမိတာ မှားသွားပြီ။ တစ်ကုံးနှစ်ကုံး ချန်ထားလိုက်မယ်ဆိုရင် အခုဆင်ရမှာ ဘယ်လောက်လိုက်မလဲလို့ တမ်းတလိုက်မိသတဲ့။ လှူပြီးမှ တွန့်တိုတဲ့သဘော ဖြစ်သွားတာပေါ့လေ။

ပရိသတ်ကတောင်းဆိုလို့သာကကြရတယ်။ သူတို့က သိပ်စိတ်မပါလှကြဘူးပေါ့။ အဖွဲမှ မစုံပဲကိုး။ ဒါပေမဲ့ ယခင်က နာမည်ရပြီးဖြစ်လို့ လာတဲ့ ပရိသတ်က မနည်းလှဘူးဆိုပဲ။ မောင်မင်းဖြူတို့မှာလည်း ဝတ်စားပြင်ဆင်လိုက်ပြီ ဆိုကတည်းက အလွန်ထူးထူးခြားခြားလှပတင့်တယ်နေကြတာမို့ တချို့ရွှေပွဲလာများက-

“ကတာ မကြည့်ရချင် ရှိပါစေ၊ လူကိုမြင်တာနဲ့ကြည်နူးကျေနပ်လှပြီ”

လို့ ပြောကြတဲ့အထိ ထူးခြားလှပနေကြသတဲ့။ သူတို့မောင်နှံနှစ်ယောက်တည်းနဲ့ပဲ ကလိုက်၊ ဆိုလိုက်၊ဇာတ်ကွက်ဖော်လိုက် လုပ်နေကြရတာမို့ ပရိသတ်တွေအတွက် သူတို့က အားနာနေဆဲမှာပဲ ပရိသတ်ကြီးက တဝေါဝေါ အားပေးနေကြသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သီဆိုတဲ့အသံက သိပ်ချိုသာလွန်းလို့တဲ့။ အသံကို ကြားတာနဲ့ ရွာထဲက အဘိုးအဘွားကလေးငယ်များပါမကျန် ပွဲခင်းရှိရာ အပြေးလာကြတော့တာကိုးကွယ့်။ သူတို့မောင်နှံမှာတော့ ဖြစ်ရပ်ကို မယုံနိုင်အောင် ဖြစ်နေကြပြီး။ အိပ်မက်လေလားလို့ အောက်မေ့နေကြပြီတဲ့။



တကယ်တော့ သူတို့ သတိမရလို့ပါ။ ရဟန္တာကို လှူရတဲ့အကျိုးကြောင့် နှစ်ယောက်လုံး ရုပ်ရည်က လည်း ပိုလှ၊ အသံကလည်း သိပ်ချိုဖြစ်နေတာကိုး ကွယ်။ အဲဒီညက သိပ်အောင်မြင်သွားတာမို့ နောက် တစ်ည ဆက်ကဖို့ ရွာက စီစဉ်ကြပြန်ပါရောတဲ့။

နောက်တစ်ညမှာတော့ ပထမညက သတင်းကြား ကြတာနဲ့ အနီးအနားရွာများကပါ စောစောစီးစီးလာ နေကြသတဲ့။ ဒါနဲ့ ပရိသတ်အားလုံး မြင်နိုင်အောင် မီးတိုင်တွေ ပိုထွန်း၊ ဝါစေ့နဲ့ ရေနံချေးတွေ ပိုအား ဖြည့်ထားရသတဲ့။ အဲဒီတုန်းက ဇာတ်ခုံဆိုတာ မရှိ သေးဘူးကွယ်။ မြေပြင်မှာပဲ လှည့်ပတ်ကကြရတာ၊ ပရိသတ်ကလည်း ထိုင်ကြည့်ကြရတယ်လေ။

တကယ်ကပြီဆိုတော့ ပရိသတ်က မီးအားနဲ့မမျှ များလွန်းနေပြီတဲ့ကွယ်။ မောင်မင်းဖြူတို့အသံက လည်း သိပ်နားဝင်ချိုလွန်းတာမို့ နောက်က ပွဲကြည့် သူတွေဟာ လူကိုယ်တိုင်မြင်ရအောင် တိုးကြ၊ ဝှေ့ကြ၊ တွန်းကြ၊ တိုက်ကြနဲ့ ထိန်းမရအောင်ဖြစ်လာလို့ ရှေ့ ဆုံး ကပွဲကြည့်သူတွေလည်း ယိုင်လဲပြီး မီးတိုင်တွေနဲ့ ထိုးမိ ခိုက်မိလို့ လုံးထွေးကုန်ကြရောတဲ့။ အဲဒီအချိန် မှာ မသီတာဟာ မိန်းမသားမို့ လွတ်အောင်မရုန်းနိုင်၊ မရှောင်နိုင်ဘဲ မီးတိုင်ပေါ် လဲကျသွားပါရောတဲ့ကွယ်။ အော်လိုက်တာဆိုတာ မပြောပါနဲ့တော့တဲ့။ သူ့အသံ က ပွဲခင်းတစ်ခုလုံးကို ကျော်ဖြတ်လွှမ်းမိုးသွားတာမို့ ပရိသတ်လည်း တန့်သွားသတဲ့။ ဒီတော့မှ လူသန်ကြီး တစ်ဦးက မသီတာကို ပွေ့ချီပြီး မြစ်ဆီပြေးကာ မီးစွဲ လောင်နေတဲ့ မသီတာကို ရေထဲပစ်ချလိုက်သတဲ့။ မသီတာ ရေထဲမြုပ်သွားတာမို့ မီးတော့ဖြင့် သေ လောက်ပြီဆိုကာ လူသန်ကြီးနဲ့ မောင်မင်းဖြူတို့ဟာ ရေထဲငုပ်ပြီး မသီတာကို ရှာကြရတော့တယ်။

ရှာပေမယ့် မတွေ့ရဘူး။ ဒီတော့ စိတ်ပူလာကြ တယ်။ ရွာသားတွေကလည်း ဝိုင်းငုပ်ဝိုင်းရှာကြတယ်။ ဘယ်လိုမှ ရှာမတွေ့ဘူး။ မောင်မင်းဖြူခမျာမှာတော့ ရေထဲရောက်နေရက်နဲ့ မီးလောင်ခံနေရတာထက် ပူ လောင်နေပြီပေါ့ကွယ်။ မသီတာကိုလည်းသနား၊ မောင် မင်းဖြူကိုလည်း မကြည့်ရက်လို့ ရွာသားများဟာ လင်း တဲ့တိုင်အောင် တစ်ညလုံး ရှာကြပါတယ်။ ဒါပေမဲ့ သဲလွန်စကိုတောင် မတွေ့ရပါဘူး။

ရွာသားတွေ လက်မှိုင်ချနေရပြီဖြစ်တဲ့ နံနက်အချိန် မှာပဲ တစ်ကိုယ်လုံးလောက် ဖြူဖွေးစင်ကြယ်လှတဲ့ အမွေးအတောင်များနဲ့ ကြာနီပွင့်ရောင် ဦးခေါင်းရှိတဲ့ ငှက်တစ်ကောင် မြစ်ရိုးတစ်လျှောက် လူးလာတုံ့ခေါက် ခိုတွယ်ရာမဲ့၊ ဦးတည်ရာမဲ့ ပျံသန်းနေတာကို ရွာသား များက သတိမထားမိကြဘူး။ အဲဒီငှက်ဖြူဟာ နေဝင် ခါနီး ပွဲခင်းနေရာမှာ မောင်မင်းဖြူတို့ ပွဲဆက်ကနေ ဖြစ်နေသေးသလားလို့ဝဲပျံလာရောက်ကြည့်သွားသေး တယ်။ ပွဲပြီး မီးသေဖြစ်နေတာကိုပဲ ဝမ်းနည်းဖွယ် တွေ့ သွားရရှာသတဲ့လေ။ အဲဒီညကစပြီး ငှက်ဖြူမဟာ မီးဆိုရင် ကြောက်လွန်းလို့ မီးနဲ့ဝေးရာ ရေစပ်ကမ်းနား မှာသာ နားနေရင်း လွမ်းတသသ ငေးငိုင်နေရှာသတဲ့ ကွယ်။

မောင်မင်းဖြူခမျာမှာလည်း ဖြေမဆည်နိုင်အောင် သောကမီး တောက်လောင်နေရှာပြီပေါ့ကွယ်။ သူ့ချစ် သူ သူမျက်စိရှေ့မှာပဲ ရေထဲ ချလိုက်ပါရက်နဲ့ ပန်းတစ် ပွင့် ပဝါတစ်ပိုင် သဲလွန်စ မတွေ့ရတဲ့အတွက် မဆုံး နိုင်အောင် ရင်ထုမနာဖြစ်နေရှာတာပေါ့။

သူနဲ့ စိတ်တူကိုယ်တူ ဝါသနာတူတဲ့အပြင် အချစ် အကြင်နာကြီးခဲ့သူ၊ မိပစ် ဖပစ် ချစ်ခင်လက်တွဲခဲ့သူ မရှိတော့တဲ့နောက် သူ့ဘဝဟာ အနှစ်သာရ မရှိတော့ ဘူးလို့ ခံစားနေရရှာတာပေါ့။ စိတ်ပြေလက်ပျောက် ဝါသနာအတိုင်း ကပြဖြေဖျော်မှု လုပ်ကြည့်ဖို့ စိတ်ကူး ကြည့်ပါသေးတယ်။ အဲဒီလို စိတ်ကူးမိမှပဲ ပိုလို့သာ လွမ်းဆွတ်ကြေကွဲရရှာသတဲ့ကွယ်။ ဒီလိုနဲ့ မောင်မင်း

ဖြူခမျာ တဖြည်းဖြည်း လုံးပါးပါးလာတော့တာပေါ့။

ငှက်ဖြစ်သွားတဲ့ မသီတာခမျာမှာလည်း တစ်ဒုက္ခပဲတဲ့။ ဘာဖြစ်လို့ဆိုတော့-

"အော် ငါတော့ ငှက်ဘဝရောက်ခဲ့ရပြီ၊ လူ့ဘဝ လူ့ဝန်းကျင်နေလို့ရမှာ မဟုတ်တော့ဘူး၊ ငှက်တွေရှိရာ သွားမှပဲ"

လို့ ဆုံးဖြတ်ပြီး ငှက်အုပ်ရှိရာသို့ သွားရတာပေါ့။ ဒါပေမဲ့ သူ့ကို ငှက်အုပ်က လက်မခံကြဘူး။ သူတို့ လိုငှက်တွေက မောင်နှံစုံမှ လက်ခံဆက်ဆံကြတဲ့ ထုံးစံရှိလို့တဲ့လေ။ ဘက်ပဲ့နေတဲ့ငှက်ဆိုရင် အကုသိုလ်ကြီးမားတဲ့ငှက်လို့ ယူဆကြသတဲ့။ ငှက်မတစ်ကောင်တည်းဆိုရင်၊ မုဆိုးမငှက်ဆိုရင် တစ်မြေတစ်ရေတည်း မနေအပ်ဘူးလို့ ယူဆကြလို့ ပိုပြီး အကပ်မခံကြဘူးတဲ့။

မသီတာငှက်မ ခမျာမှာ ချစ်သူနဲ့လည်း ဘဝခြား၊ ဘဝတူများကလည်း အဖက်မလုပ်ဆိုတော့ ဘယ်လောက် စိတ်ဆင်းရဲမလဲဆိုတာ ကလေးတို့ စဉ်းစားမိကြမှာပေါ့နော်။

ဘာပဲဖြစ်ဖြစ် ငှက်များက လက်မခံလေတော့ ဘဝဟောင်းက ချစ်သူကို မြင်ရလိုမြင်ရငြား ကောင်းကင်ယံကနေ ချစ်သူပွဲကနေမယ်ထင်တဲ့ နေရာဆီကို လှည့်လည်ရှာရှာနေလေရှိသတဲ့။ ဒါကြောင့်များ "အာကာကိုပျံသွား၊ သနားစရာ၊ ကောင်ချင်းဖော်မပါ" လို့ သီချင်းဆိုသလားပဲနော်။ အဲ ... အဲဒီအခါမှာပဲ ယဲ့ယဲ့ကလေးဖြစ်နေတဲ့ မောင်မင်းဖြူကလည်း ကောင်းကင်ကို မျှော်ကြည့်ရင်း မသီတာကို သတိရနေရှာသတဲ့။ ငှက်ဖြူမက ဝဲပျံရင်း အသံပေးလို့ ချိုသာတဲ့အသံကို ကြားရတယ်ဆိုရင်ပဲ သူ့အသံက ငှဲချစ်သူရဲ့အသံကို အလွန်သာယာလှတာပဲ၊ ဒီငှက်မှာတော့ သွားချင်ရာသွားနိုင်အောင် အတောင်တွေရှိနေတယ်။ ငှဲမှာလည်း အတောင်တွေ ရှိမယ်ဆိုရင် မသီတာလေး ဘယ်မှာရှိတယ်၊ ဘာဖြစ်နေတယ် သိရအောင် ပျံသန်းရာဖွေချင်လိုက်တာလို့ တမ်းတရင်း အသက်ကုန်သွားသတဲ့ကွယ်။

စိတ်အစွဲအလမ်းကလည်းကြီး၊ ရဟန္တာကို လှူဖူးတဲ့ ကုသိုလ်ထူးကလည်း ရှိနေတာမို့ ဝိညာဉ်ချုပ်တယ်ဆိုရင်ပဲ မသီတာငှက်မအနားမှာ ငှက်သွားဖြစ်တော့သတဲ့။ ရှေးက ရေစက်ဟောင်းရဲ့ နှီးဆော်မှုကြောင့် တစ်ကောင်ကို တစ်ကောင်က စိတ်ဝင်စားလာလို့ အသံပေးကြပါရော၊ အသံကို နှစ်ဦးလုံးက မှတ်မိနေတာဖြစ်လို့ ဇနီးဟောင်း ခင်ပွန်းဟောင်းတွေဖြစ်မှန်း တပ်အပ်သိသွားကြရောတဲ့။

နှစ်ကောင်လုံးဟာ ပျော်လွန်းလို့ ကလည်း ကကြ၊ သီချင်းတွေလည်း ဆိုကြနဲ့ပေါ့။ အဆိုအက ကလည်း နဂိုကတည်းက ဝါသနာပါလာတယ်မဟုတ်လား။ ပြီးတော့ သူတို့ရဲ့ ဖြစ်ကြောင်းကုန်စင်များကို ပြန်ပြောင်းပြောပြကြပြီး အရင်ကထက် တိုးလို့ တိုးလို့ ချစ်ကြသတဲ့။ မူရင်းဝါသနာအတိုင်း မောင်နှံနှစ်ဦးမခွဲစတမ်း တတွဲတွဲ နေကြရင်း သီချင်းဆိုလိုက် တစ်လှည့်စီက လိုက်နဲ့ ချမ်းမြေ့စွာနေကြသတဲ့။

အခုလို ပြန်လည်ပေါင်းသင်းခွင့်၊ သာယာချို့မြတဲ့ အသံပိုင်ဆိုင်ခွင့်၊ ရုပ်ရည်လှပခွင့်ရတာဟာ ကြာဆစ်ကြိုးခေါ်တဲ့ "ကြာကြိုး" လှူရတာကြောင့်ပဲလို့ နလုံးသွင်းမိကြတာမို့ "ကြာကြိုး" "ကြာကြိုး" လို့ ရွတ်ဆိုမိရာကစပြီး "ကြိုးကြာ" လို့ တွင်နေတော့သတဲ့ကွယ်။

အဖော်မဲ့ဘဝဖြစ်ရင် အပယ်ခံဖြစ်ကြရတာမို့ ကြိုးကြာငှက်တွေဟာ တစ်ကောင်သေရင် တစ်ကောင်ပါ လိုက်သေကြတယ်တဲ့။ အခုထိလည်း လိုက်သေကြတယ်ဆိုပဲကွယ့်။ ။

အောင်နိုင်(တက္ကသိုလ်)



ဆောင်းကျွန်း
2013

နွေတမြတိုက်တဲ့ပုံပြင်

ရှေးတုန်းက မင်းသားညီအောင်နှစ်ပါးတို့ဟာ တကူသိုလ်ပြည်မှာပညာပြီးဆုံးအောင်သင်ကြားပြီး တကူသိုလ်ပြည်ကမိမိတို့ဒိုင်းပြည်ကိုပြန်လာခဲ့ကြတဲ့အခါမှာတော့ ကောင်အထပ်ထပ် တော့အထပ်ထပ်ကို ဖြတ်ကျော်ပြန်ခဲ့ရတယ်ကွယ့်



ဒီလိုနဲ့ သူတို့ ဆောင်ပင်
အောက်မှာ ချက်ပြုတ်စား
သောက်ကြတာပေါ့

သူတို့ နှစ်ဦးဟာ ဆောင်ပင်
ကြီးတစ်ပင်အောက်မှာစခန်း
ချကြတာပေါ့ --

မိုး လည်းချုပ်စပြု
ဖြစ်တဲ့အတွက် မှာပါလာ
တဲ့စားစရာတွေစား
ကြရအောင်

ကျွန်တော်တော့
အတော်ညည်းပင်
ပန်းနေပြီဗျာ
တော်..

စားသောက်ပြီးတော့ အိပ်ယာဝင်
ပြင်ဆင်ကြတယ်. အဲဒီအချိန်
မှာ သီတော်က ပြောတယ်..

နောင်တော်
မအိပ်ခင်ပဲ
ပြင်တစ်ပုန်း
လောက်ပြော
ပြပါလား



ကောင်းပြီလေ
နောင်တော်ဟော
ပြပါ့မယ်..
နတ်တို့ဟာ-မင်းသားနှစ်ပါးဟော
တဲ့- ပုံပြင်ကို ဝိုင်းရန်းထောင်
ကြတာပေါ့..
အဲဒီအခါသောင်ဆောင့်နတ်
နဲ့တောဆောင်နတ်တွေကြား
သိသွားပြီး ဝိုင်ပင်ကြတယ်
အသင်နတ်မင်းတို့မင်း
သားနှစ်ပါးပုံဟော မယ်
တဲ့ ချုပ်တို့နားထောင်
ကြတာပေါ့..
ဟိုးဝေးဝေး တဲ့နှင်းက
ဟာရကဲသီပြည်မှာ
ပြုပွဲ ဒဂံမင်း တစ်
ပါးအုပ်စိုးတယ်-
အဲဒီမင်းဟာ...

ကုသိုလ်ကံ
ကောင်းလေ
စို့..


ဒါပေမဲ့ပုံပြင်မဆုံး သေးခင်သူတို့နှစ်ဦးဟာ အလွန်အိပ်ချင်တာကြောင့် ပုံပြင်ကိုအဆုံးမသတ်ခဲ့ကြဘူး..
ဂျပ်:..အိပ်ချင်ပြီနော်ငကော်
အေးကွာ-ငါလည်းအိပ်ချင်ပြီ.အိပ်ကြစို့ဗျာ
ပုံပြင်မဆုံးကောင်းတော့ဘူးတော်ကွာ..
ဒါတို့ကိုသတ်သင့်စေခဲ့ကားတာပါ
ဟေ့-ပုံပြင်ဆုံးအောင်မပြောဘူးဟ
သူတို့ဒုက္ခရောက်အောင်ကျိန်စာတိုက်ကြရအောင်
ဟုတ်တာပေါ့ကွာ
ညီနှောင်နှစ်ပါးဟာအလွန်ပင်ပန်းလွန်းလို့အိပ်ပျော်သွားကြတယ်



နံနက်မိုးလင်းတော့ညီတော်ကနတ်တွေ့ချိန်စာအကြောင်းအောင်တော်ရဲ့ပြောပြဆိုက်တယ်..




သူတို့ဟာတောင်ကြားလမ်းတွေဖြတ်တဲ့နေကမှာသတိထားဖြတ်ကြတယ်



နတ်တို့ချိန်စာတိုက်သံရှိအိပ်နေတဲ့ဘီလောက်ကအဝိဟမက်ထဲမှာကြားနေရတယ်လေ..








ခရီးလမ်းတွင်တွေ့သမျှသစ်သီး
သစ်ဥတွေကိုလည်းမစားကြ
တော့ဘူး



သတို့သွားရမယ့်ခရီးကား
မှားစွာကျန်ရှိနေသေးတယ်

ဟိုခရီးကသွား ဟိုအမှားကြီး
ကျန်သေးတယ်ညီတော်


တို့ကနေတော့ရဲ့ ကျိန်စာကို သူတို့အိပ်ပြန်ရောက်အောင်လုပ်ရမယ်.. ဒါမှတို့ ဟာကျိန်စာပြယ်ပြီးအခွင့်ကြီးကင်းသွားမှာ...
ဒီလမ်းပဲ အောင်ရွာရောပေးမှာဖြစ်မယ်လို့ကော်
အဲဒီလမ်းမှာမင်းသားနှစ်ပါးဟာ ပုံဖြောမယ်လို့ကြေညာလိုက်တယ်.
သူတော်မအိပ်ခင် ပုံပြင်တစ်ပုဒ်ပုံဖြောပြမယ်..
ကောင်းလှပါတို့ အောင်တော်
သောင်ပင်စောင့်နတ်နဲ့ကောစောင်ဟာ ပုံနားထောင်ဖို့ရောက်လာကြပြန်တာပေါ့ကွယ်...
ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ ဥရင်တစ်ပါး.. ဆိုးစ်တယ် အဲဒီဥရင်ဟာ
.....


ဒီပုံပြင်ရဲ့နတ်တွေ
ဆက်ပြောကြလိမ့်မယ်
မပြောရင်သူတို့
ကျွန်စာသူတို့ရဲ့
ပြန်ထိပါစေ
သခ: ...
ပုံပြောတဲ့မင်း
သားဟာပုံပြင်ကို
အဆုံးမသတ်
ပဲ.ပေးရင်ကြိုး
ဒီလိုဆိုလို့ရ
ပါရော....
ပုံပြင်နှာ:ထောင်ဆဲနေတဲ့နတ်
တွေလည်းထိတ်လန့်သွား:ပြီး
နတ်တွေလည်းသူတို့ကျွန်စာကိုပြယ်
ဖောင်ပုံဆက်ပြောဖို့ကတိတ်တဲ့အတွက်
သိုဆောင့်နှစ်ပါးလည်းအာနန္ဒာကျေးဇူး
ရှာနဲ့ စရိုးဆက်နိုင်တော့သတဲ့ကွယ်-
ပြီး
ဟာ-ကျွန်စာကတို့ရဲ့ပြန်
ထိတော့မယ်-ကျွန်စာရဲ့
ပြယ်ဖောင်ပုံဆက်ပြော
ကြပေတော့...

စည်လွတ်ကြီး

မောင်ခေတ်ထွန်း



တစ်ခါက အယ်မီလီယန်အမည်ရှိ အလုပ်သမားတစ်ဦး ရှိသည်။တစ်နေ့တွင်သူသည်အလုပ်လုပ်ရန်လယ်ကွင်းကိုဖြတ်သွားစဉ် တစ်စုံတစ်ဦးက သူ့အားလှမ်းခေါ်သံကို ကြားရသည်။ အယ်မီလီယန်သည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ အလွန်ချစ်ဖွယ်ကောင်းသော အမျိုးသမီးတစ်ဦးကို တွေ့ရှိရလေသည်။ ထိုအမျိုးသမီးက သူ့အား–

"အယ်မီလီယန် ရှင် ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ"ဟု မေးလေသည်။

ထိုအခါ အယ်မီလီယန်က–

"ကျွန်ုပ် ဘယ်လို အိမ်ထောင်ပြုလို့ ဖြစ်ပါ့မလဲ၊ ကျွန်ုပ်မှာ ဝတ်စရာဆိုလို့ ဝတ်စုံတစ်စုံပဲ ရှိတယ်၊ အိုးမရှိဘူး၊ မည်သူက ကျွန်ုပ်ကို ခင်ပွန်းအဖြစ် လက်ထပ်ချင်ကြမှာလဲ"ဟု ပြောဆိုသည်။

အယ်မီလီယန်၏စကားကိုကြားသော် အမျိုးသမီးက–

"ကျွန်မကို ရှင့်ဇနီးအဖြစ် လက်ထပ်ပါ"ဟု ဆိုသည်။

အယ်မီလီယန်သည် ထိုအမျိုးသမီးကို နှစ်သက်သည်။ သို့သော် သူသည် အမျိုးသမီးအား–

"ကျွန်ုပ် သင့်ကို ချစ်ခင်စုံမက်ပါတယ်၊ ဒါပေမဲ့ ကျွန်ုပ်တို့ ဘယ်မှာနေလို့ ဘယ်လိုစားသောက်နေထိုင်ကြမှာလဲ"

ဟု ပြန်ပြောပြန်သည်။

ထိုအခါ အမျိုးသမီးက အယ်မီလီယန်အား–

"ဒါအတွက် ဘာလို့ ပူပန်နေရတာလဲ၊ ကျွန်မတို့အလုပ်ပိုလုပ်ပြီး အအိပ်လျော့ရင် ဘယ်နေရာမှာမဆိုဝတ်ဖို့စားဖို့ ရှာကြံလို့ ရနိုင်ပါတယ်"ဟု ဆိုသည်။

အယ်မီလီယန်–

"ဒါဆို ကောင်းပြီလေ၊ တို့လက်ထပ်ကြစို့၊ ဒါပေမဲ့ တို့ဘယ်

ကိုသွားကြမှာလဲ”ဟု မေးလေသည်။

“ကျွန်မတို့ မြို့ကို သွားကြမယ်လေ”ဟု အမျိုးသမီးက ပြန်ဖြေသည်။

ထိုသို့ဖြင့် အယ်မီလီယန်နှင့် အမျိုးသမီးတို့သည်မြို့သို့ ထွက်ခွာလာကြလေသည်။ သူတို့သည် မြို့ စွန်တွင် အိမ်ငယ်ကလေးတစ်လုံးကို တွေ့ရှိသည်။ သူတို့နှစ်ဦးသည် လက်ထပ်ကြပြီး အိမ်ငယ်ကလေးတွင်နေထိုင်ကြလေသည်။

တစ်နေ့တွင် ဘုရင်ကြီးသည် မြင်းရထားစီး၍ လာစဉ် အယ်မီလီယန်၏အိမ်ကို ဖြတ်သွားမိလေသည်။ ထိုစဉ် ဘုရင်ကြီးသည် အယ်မီလီယန်၏ ဇနီးအားတွေ့မြင်သွားလေသည်။

“ဒီလောက် ချောမောလှပတဲ့ အမျိုးသမီးက ဘယ်ကလဲ”ဟု မေးကာ မြင်းရထားကို ရပ်စေသည်။ ထို့နောက် အယ်မီလီယန်၏ဇနီးအား ခေါ်၍–

“သင် ဘယ်သူလဲ”ဟု မေးသည်။

ထိုအခါ အယ်မီလီယန်၏ဇနီးက–

“ကျွန်တော်မျိုးမဟာ အလုပ်သမား အယ်မီလီယန်ရဲ့ဇနီးပါ”ဟု ပြန်လည်လျှောက်တင်သည်။

“သင်လို လှပတဲ့ အမျိုးသမီးတစ်ဦး အယ်မီလီယန်လို အလုပ်သမားတစ်ယောက်ကို ဘာလို့လက်ထပ်ရတာလဲ။ သင်ဟာ မိဖုရားဖြစ်ထိုက်သူပဲ”ဟု ဘုရင်ကြီးက ဆိုသည်။

ဘုရင်ကြီး၏စကားကြားသော် အယ်မီလီယန်က–

“အရှင်မင်းကြီးရဲ့ ကြင်နာစကားတွေကို ကြားရတာ အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မျိုးမရဲ့ အလုပ်သမားဟာ ကျွန်တော်မျိုးမအတွက် အသင့်တော်ဆုံး ခင်ပွန်းတစ်ယောက်ပါပဲ”ဟု ပြန်ပြောသည်။

ဘုရင်ကြီးသည် အယ်မီလီယန်၏ဇနီးနှင့် ခေတ္တမျှ စကားပြောဆိုပြီးနောက် ပြန်၍ ထွက်ခွာလာခဲ့လေသည်။ ဘုရင်ကြီးသည် နန်းတော်သို့ ပြန်လည်ရောက်ရှိလာသော်လည်း အယ်မီလီယန်၏ဇနီးကို မေ့၍မရပေ။ သတိရလျက်ရှိသည်။ ညဘက်တွင်လည်း အယ်မီလီယန်၏ဇနီးကို စဉ်းစားနေ၍ တစ်ညလုံး အိပ်၍မပျော်ပေ။ အယ်မီလီယန်၏ဇနီးကို မည်သို့ရယူမည်ဆိုသည့် နည်းလမ်းကိုသာ စဉ်းစားနေလေသည်။ နည်းလမ်းကား မရချေ။

ထိုသို့ဖြင့် နောက်ဆုံးတွင် ဘုရင်ကြီးသည် သူ၏အမှုထမ်းများကို ခေါ်၍ အယ်မီလီယန်၏ ဇနီးကို ရယူနိုင်မည့်နည်းလမ်းရှာကြံကြရန် မိန့်ဆိုလိုက်သည်။

ထိုအခါ ဘုရင့်အမှုထမ်းများက ဘုရင်ကြီးအား–

“အရှင်မင်းကြီး၊ အယ်မီလီယန်ကို နန်းတော်သို့ လာရောက်ပြီး အလုပ်လုပ်ဖို့ ဆင့်ခေါ်လိုက်ပါ။ ကျွန်တော်မျိုးတို့သူ့ကို အလွန်ပင်ပန်းလှတဲ့ အလုပ်တွေ ဖိခိုင်းပါမယ်၊ ဒါဆို သူသေမှာပဲ၊ သူဇနီးတစ်ဦးတည်းကျန်တဲ့အခါ အရှင်မင်းကြီးက သူမကို အလွယ်တကူရယူနိုင်မှာ ဖြစ်ပါတယ်”

ဟု အကြံပြုကြသည်။

ဘုရင်ကြီးလည်း သူ့အမှုထမ်းများ၏ အကြံအတိုင်း လိုက်နာကာ အယ်မီလီယန်အား နန်းတော်သို့ လာရောက်၍ အလုပ်လုပ်ရန် အမိန့်ချမှတ်လိုက်လေသည်။ ထို့ပြင် အယ်မီလီယန် နန်းတော်၌ ရှိနေစဉ် ဇနီးသည်ပါ အတူရှိနေရမည်ဟူ၍လည်း မိန့်ဆိုသည်။

ဘုရင့်စေတမန်များသည် အယ်မီလီယန်ထံသို့ လာရောက်၍ ဘုရင်ကြီး၏အမိန့်ကို ပေးသည်။ ထိုအခါ အယ်မီလီယန်၏ဇနီးက အယ်မီလီယန်အား–

“ရှင် နန်းတော်မှာ တစ်နေ့လုံး အလုပ်သွားလုပ်ပါ။ ညကျရင်သာ ပြန်လာခဲ့ပါ”ဟု ပြောဆိုသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် နန်းတော်သို့ ထွက်ခွာလာခဲ့လေသည်။ အယ်မီလီယန်သည် နန်းတော်သို့ရောက်သော် ဘဏ္ဍာစိုးက သူ့အား–

“အသင် ဘာဖြစ်လို့ သင့်မိန်းမကို မခေါ်လာရတာလဲ”

ဟု မေးသည်။

ထိုအခါ အယ်မီလီယန်က ဘဏ္ဍာစိုးအား–

“ကျွန်ုပ်အလုပ်လုပ်ဖို့လာတာ။ ဘာဖြစ်လို့ ကျွန်ုပ်ဇနီးကို ဒီကို ခေါ်လာခဲ့ရမှာလဲ။ သူက အိမ်မှာနေရစ်ခဲ့ရမှာပေါ့”

ဟု ပြန်ပြောသည်။

နန်းတော်တွင် ဘုရင့်အမှုထမ်းများသည် အယ်မီလီယန်အား လူ(၂)ယောက်စာ လုပ်ရမည့်အလုပ်ကို ခိုင်းကြသည်။ သူသည် အလုပ်ကို စတင်လုပ်သည်။အယ်မီလီယန်က ထို အလုပ်များသည် တစ်နေ့တည်းနှင့် ပြီးလိမ့်မည်မဟုတ်ဟု မျှော်လင့်ထားသည်။

သို့သော် ညနေချိန် ရောက်လာသည့်အခါ အလုပ်များ အားလုံးပြီးစီးသွားလေသည်။

အယ်မီလီယန်၏အလုပ်များပြီးစီးသွားသည်ကို ဘဏ္ဍာစိုးမြင်သော် အယ်မီလီယန်အား နောက်တစ်နေ့တွင် ပထမနေ့ထက် (၄)ဆမျှရှိသော အလုပ်များကို ပေးလေသည်။ အယ်မီလီယန်လည်း အလုပ်များကို ပြီးစီးအောင် လုပ်သည်။

ထို့နောက် ညမိုးချုပ်ချိန်တွင် အိမ်သို့ ပြန်လာသည်။ အိမ်ရောက်သော် အိမ်သည် သန့်ရှင်းသပ်ရပ်နေသည်ကို တွေ့မြင်

ရသည်။ ညစာပင် ချက်ပြုတ်ပြီးစီး၍ စားရန် အဆင်သင့်ဖြစ်နေသည်။ သူဇနီးသည် စားပွဲဘေးတွင် ထိုင်၍အပ်ချုပ်ကာ သူ့ကို ထိုင်စောင့်နေသည်။ သူ့အား ဆီးကြိုနှုတ်ဆက်ကာ ညစာကို ကျွေးမွေးသည်။ ထို့နောက် သူ့အလုပ်အကြောင်းကို မေးမြန်းသည်။

အယ်မီလီယန်က–

"တော်တော်ဆိုးတဲ့ အလုပ်တွေပဲ၊ သူတို့က ငါ့ကိုအလုပ်တွေ မနိုင်ရင်ကာ ပေးကြတယ်၊ အလုပ်နဲ့ ဖိပြီး သတ်ချင်တယ်နဲ့တူတယ်"ဟု ဆိုသည်။

"အလုပ်အတွက် ဘာမှမပူပါနဲ့၊ ရှင်ဟာ အလုပ်လုပ်နေရင်း အလုပ်တွေ ဘယ်လောက်ပြီးသွားလို့ ဘယ်လောက် ကျန်နေသေးတယ်ဆိုတာကို လှည့်မကြည့်ပါနဲ့၊ အလုပ်ကိုသာ ဆက်လုပ်သွားပါ။ အချိန်တန်ရင် ပြီးစီးသွားပါလိမ့်မယ်"

ဟု ပြောဆိုသည်။

ဘဏ္ဍာစိုးလည်း အယ်မီလီယန်အား အလုပ်များကို တစ်ခုပြီးတစ်ခု ဆက်တိုက်တိုးပေးကာ ခိုင်းလေသည်။ အယ်မီလီယန်လည်း အလုပ်များကို သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးအောင် လုပ်နိုင်စွမ်းသည့် အယ်မီလီယန်ကို ကျွမ်းကျင်မှုလိုအပ်သည့်အလုပ်ကို တစ်ဖန် လုပ်ခိုင်းကြည့်ကြပြန်သည်။ မင်းမူထမ်းများသည် အယ်မီလီယန်အား အုတ်စီလုပ်ငန်း၊ ကျောက်တုံးဖြတ်တောက် ထုခွဲသည့်လုပ်ငန်း၊ အိမ်အမိုး မိုးသည့်လုပ်ငန်း၊ လက်သမားလုပ်ငန်း စသည့် ကျွမ်းကျင်မှုလုပ်ငန်းမျိုးစုံကို ပေး၍ခိုင်းသည်။ သို့သော် အယ်မီလီယန်သည် သူတို့ခိုင်းသမျှ အလုပ်များအားလုံးကို ပြီးစီးအောင် လုပ်နိုင်ခဲ့လေသည်။ ညနေအချိန်တန်၍ အလုပ်များပြီးစီးသော် အယ်မီလီယန်သည် သူဇနီးသည်ဆီသို့ ပြန်လာခဲ့သည်။

ထိုသို့ဖြင့် ဒုတိယတစ်ပတ်သည် ကုန်ဆုံးသွားပြန်လေသည်။

ဘုရင်ကြီးသည် သူ့အမှုထမ်းများအားခေါ်၍–

"မင်းတို့ကို ကျွေးမွေးထားတာ အလကားပဲ၊ အခုဘာတစ်ခုမှ ဖြစ်မလာဘူး၊ နှစ်ပတ်သာ အချိန်ကုန်သွားတယ်၊ ဘာဖြစ်လာလို့လဲ၊ မင်းတို့က ပြောတော့ အယ်မီလီယန်ကို အလုပ်တွေ ဖိခိုင်းပြီး သေအောင်လုပ်မယ်ဆို၊ ခုတော့ အယ်မီလီယန်ဟာ ညနေတိုင်း ပျော်ပျော်ရွှင်ရွှင် သီချင်းတကြော်ကြော်နဲ့ အိမ်ပြန်သွားတာ ငါမြင်နေရတယ်။ ဘာလဲ မင်းတို့က ငါ့ကို အရူးလုပ်နေလား"ဟု ကြိမ်းမောင်းပြောသည်။

ဘုရင့်အမှုထမ်းသည် ဘုရင်ကြီးအား ဆင်ခြေအသီးသီး ပေးကြသည်။

"ကျွန်တော်မျိုးတို့ရဲ့ရည်ရွယ်ချက်ကတော့ သူ့ကို အလုပ်ကြမ်းတွေ များများပေးပြီးခိုင်းရင် မောပန်းပြီးသေအောင်လို့ပါ၊ ဒါပေမဲ့ သူဟာ ဘယ်အလုပ်ကိုမဆို မောပန်းမှုမဖြစ်ဘဲ အမှိုက်တွေကို လှဲကျင်းပစ်လိုက်သလို ပြီးစီးအောင် လုပ်နိုင်တာကို တွေ့ရပါတယ်"

"ဒါပေမဲ့ ကျွန်တော်မျိုးတို့မှာ ဒီအတိုင်းမနေပါဘူး၊ သူ့ကို သူမလုပ်နိုင်ဘူးထင်တဲ့ကျွမ်းကျင်မှုလုပ်ငန်းတွေကို ဆက်ခိုင်းပါတယ်၊ ဒါပေမဲ့ သူဟာ အဲဒီလုပ်ငန်းကိုလည်း လွယ်လွယ်ကူကူနဲ့ ပြီးစီးအောင် လုပ်နိုင်ပြန်ပါတယ်၊ ကျွန်တော်မျိုးတို့ အထင်တော့ သူနဲ့သူဇနီးတစ်ဦးဦးဟာ မှော်ပညာကို အသုံးပြုနေပြီ ထင်ပါတယ်"

"ကျွန်တော်မျိုးတို့ ကိုယ်တိုင်လည်း သူ့ကို စိတ်ပျက်ငြီးငွေ့လှပါပြီ၊ ဒါကြောင့် ကျွန်တော်မျိုးတို့ဟာ သူ မလုပ်ကိုင်နိုင်တဲ့ အလုပ်တစ်ခုခု ရှာဖွေဖို့ ကြိုးပမ်းနေကြပါတယ်၊ အခု ကျွန်တော်မျိုးတို့ အယ်မီလီယန်ကို တစ်နေ့တည်းနဲ့အပြီး ဘုရားရှိခိုးကျောင်း ဆောက်ခိုင်းဖို့ ဆုံးဖြတ်လိုက်ကြပါပြီ၊ တကယ်လို့ သူဟာ ဘုရားရှိခိုးကျောင်းကို တစ်နေ့တည်းနဲ့ မဆောက်နိုင်ဘူးဆိုရင် သူ့ခေါင်းကို ဖြတ်မယ်လို့ မိန့်ကြားတော်မူပါ"ဟု ပြောဆိုကြလေသည်။

ဘုရင်ကြီးသည် အယ်မီလီယန်ကို ဆင့်ခေါ်လိုက်သည်။ အယ်မီလီယန်သည် နန်းတော်သို့ရောက်သော် ဘုရင်ကြီးက အယ်မီလီယန်အား–

"ကဲ ... ငါ့အမိန့်ကို နာခံ၊ ငါ့နန်းတော်နဲ့ မျက်နှာချင်းဆိုင် မြေကွက်လပ်မှာ ငါ့အတွက် ဘုရားရှိခိုးကျောင်းအသစ်တစ်ခုကို ဆောက်ပေးရမယ်၊ သင့်ကို မနက်ဖြန်ညနေအထိ အချိန်ပေးမယ်၊ ဘုရားရှိခိုးကျောင်းကို မနက်ဖြန်ညနေမတိုင်မီ ပြီးစီးအောင် ဆောက်လုပ်နိုင်ရင် သင့်ကို ဆုတော်လာဘ်တော်ပေးသနားတော်မူမယ်၊ အေး မပြီးသေးဘူးဆိုရင်တော့ သင့်ခေါင်းပြတ်ပြီသာမှတ်"ဟု မိန့်တော်မူလေသည်။

အယ်မီလီယန်သည် ဘုရင်ကြီး၏ တစ်ချက်လွတ်အမိန့်ကို ကြားနာပြီးနောက် သူသည် အိမ်သို့ ဝမ်းနည်းစွာဖြင့် ပြန်လာခဲ့သည်။ သူ့ဘဝ အဆုံးသတ်လုနီးပြီဟူ၍ တွေးထင်မိသည်။

သူသည်အိမ်ပြန်ရောက်သော် သူဇနီးသည်အား–

"မိန်းမရေ ငါတို့ ဒီကပြေးဖို့ အဆင်သင့် ပြင်ဆင်ထားပေတော့၊ ဒါမှမဟုတ်ရင် ငါဟာ ဘာမှအပြစ်မရှိဘဲ အသတ်ခံရလိမ့်မယ်"ဟု ပြောဆိုလေသည်။

ထိုအခါ အယ်မီလီယန်၏ဇနီးက သူ့အား-

"ဘာဖြစ်လို့ကြောက်လန့်နေရတာလဲ၊ ဘာကြောင့် ဒီနေရာက ထွက်ပြေးရမှာလဲ"ဟု စိုးရိမ်တကြီးမေးလေသည်။

အယ်မီလီယန်က-

"ငါ ဘယ်လိုလုပ်မကြောက်ဘဲ နေလို့ဖြစ်မလဲ၊ ဘုရင်ကြီးက ဘုရားရှိခိုးကျောင်းတစ်ဆောင်ကို မနက်ဖြန် တစ်နေ့တည်းနဲ့ အပြီးဆောက်ပေးရမယ်လို့ အမိန့်ပေးထားတယ်ကွ၊ ငါ မဆောက်နိုင်ရင် ငါ့ခေါင်းကို ဖြတ်မယ်တဲ့၊ ဒါကြောင့် တို့တတ်နိုင်တာ တစ်ခုတည်းရှိတယ်၊ အဲဒါတော့ အချိန်ရှိတုန်း ဒီကနေ လစ်ကြဖို့ပဲ"ဟု ပြောဆိုသည်။

သို့သော် အယ်မီလီယန်၏ ဇနီးသည် အယ်မီလီယန်၏ ပြောကြားချက်ကို သဘောမတူချေ။ သူဇနီးက-

"ဘုရင်ကြီးမှာ ရဲမက်တော်တွေက အများကြီးရယ်။ ဘယ်ကိုပြေးပြေး သူတို့ ဖမ်းဆီးတာကို ခံရမှာပဲ။ သူလက်က လွတ်လမ်းမရှိဘူး။ ဒါကြောင့် ကျွန်မတို့မှာ အင်အားရှိသရွေ့ ဘုရင်ကြီးရဲ့စကားကို နားထောင်ရမှာပဲ"ဟု ဆိုသည်။

ထိုအခါ အယ်မီလီယန်က သူဇနီးအား-

"ငါမှ သူခိုင်းတဲ့အလုပ်ကို လုပ်ဖို့စွမ်းအားမရှိဘဲ၊ သူစကားကို ဘယ်လိုလုပ် နားထောင်နိုင်မှာလဲ"ဟု ဆိုသည်။

"ရှင် သတ္တိသာ မွေးစမ်းပါ။ ကဲပါရှင် ထမင်းသွားစားပြီး အိပ်ပေတော့။ မနက်စောစောထ။ သင့်အလုပ်တွေအားလုံး အချိန်မီ ပြီးစီးသွားလိမ့်မယ်"

ဟု အယ်မီလီယန်၏ဇနီးက ပြောဆိုလေသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် အိပ်ရာထဲတွင် လဲလျောင်းကာ အိပ်စက်လေသည်။ နောက်နေ့နံနက်တွင်သူဇနီးက အယ်မီလီယန်အား အိပ်ရာမှနှိုးကာ-

"မြန်မြန်သွား၊ ဘုရားရှိခိုးကျောင်းကို အပြီးသတ်လိုက်၊ ဒီမှာ တူနဲ့သံ၊ တစ်နေ့တာ လုပ်ရမယ့်အလုပ် ကျန်သေးတယ်"ဟု ပြောလေသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် မြို့ထဲသို့ ထွက်လာခဲ့သည်။ နန်းတော်ရင်ပြင်သို့ရောက်သော် နန်းတော်ကြီးနှင့် မျက်နှာချင်းဆိုင်နေရာတွင် ကြီးမားသော ဘုရားရှိခိုးကျောင်းကြီးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။ ဘုရားရှိခိုးကျောင်းကြီးကား ပြီးစီးလုနီးနေပြီဖြစ်သည်။ အယ်လီမီယန်သည် ဘုရားရှိခိုးကျောင်းတွင် လိုအပ်သည့်နေရာများကို ပြီးစီးအောင် စတင်လုပ်ကိုင်လေတော့သည်။

ဘုရင်ကြီးသည် အိပ်ရာမှနိုး၍ ပြတင်းပေါက်မှ နန်းတော်အပြင်ဘက်သို့ ကြည့်လိုက်ရာ ကြီးမားသော ဘုရားရှိခိုးကျောင်းကြီးကို တွေ့မြင်သွားလေသည်။ အယ်မီလီယန်သည် ဘုရားရှိခိုးကျောင်းကြီး၏ လိုအပ်သည့်နေရာများတွင် သံများ လိုက်လံရိုက်နေလေသည်။ ဘုရင်ကြီးသည် ဘုရားရှိခိုးကျောင်း ပြီးစီးသွားသည်ကို မြင်သော် များစွာစိတ်မချမ်းမြေ့ဖြစ်သွားသည်။ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဘုရင်ကြီးသည် အယ်မီလီယန်ကို မသတ်နိုင်၍ သူဇနီးကို မရရှိနိုင်တော့သောကြောင့်ဖြစ်သည်။

ထိုသို့ဖြင့် ဘုရင်ကြီးသည် သူ့အမှုထမ်းများကို ထပ်မံ၍ ခေါ်လိုက်ပြန်လေသည်။

"မင်းတို့ခိုင်းသမျှ ဒီကောင် လုပ်ပြီးသွားပြန်ပြီ။ သူ့ကို သတ်ဖို့ အကြောင်းရှာစရာ မရှိတော့ဘူး။ ဒီလောက်ခက်ခဲတဲ့ အလုပ်ကို ဒီကောင် လုပ်နိုင်တယ်။ ဒီကောင်မလုပ်နိုင်တဲ့ ဒီထက် ပိုမိုခက်ခဲတဲ့ အလုပ်ကို ရှာကြံကြစမ်း။ အေး ... ရှာလို့ မရဘူးဆိုရင်တော့ ဟိုကောင့်ခေါင်းရော မင်းတို့ခေါင်းပါ ဖြတ်ရလိမ့်မယ်"

ဟု ဘုရင်ကြီးက သူ့အမှုထမ်းများကို ကြုံးဝါးလေသည်။

ဘုရင်ကြီး၏ ဒေါသစကားကိုကြားသော် အမှုတော်ထမ်းများက အယ်မီလီယန်အား နန်းတော်ပတ်လည်တွင် သင်္ဘောများ သွားလာနေသော မြစ်ကြီးတစ်ခုကို ပြုလုပ်ခိုင်းပါဟု ဘုရင်ကြီးအား လျှောက်တင်ကြလေသည်။

ထိုသို့ဖြင့် ဘုရင်ကြီး အယ်မီလီယန်အား နန်းတော်ပတ်လည်တွင် လှေသင်္ဘောများ သွားလာနေသည့် မြစ်ကြီးတစ်ခုကို ပြုလုပ်ရန် အမိန့်ပေးလေသည်။ ထို့ပြင် ဘုရင်ကြီးက အယ်မီလီယန်အား-

"အသင်ဟာ ဘုရားရှိခိုးကျောင်းကြီးကို တစ်နေ့တည်းနဲ့ အပြီးဆောက်နိုင်သေးတာပဲ။ အခုခိုင်းတဲ့အလုပ်ဟာ သင့်အဖို့ ဘာမှမလုပ်နိုင်စရာ အကြောင်းမရှိဘူး။ မနက်ဖြန်ခါမှာ အားလုံးပြီးစီးနေမယ်။ မပြီးစီးဘူးဆိုရင်တော့ သင့်ခေါင်းကို ဖြတ်မှာပဲ"ဟု ဆိုသည်။

အယ်မီလီယန်သည် ဘုရင်ကြီး၏စကားကိုကြားသော် ယခင်ကထက် ပို၍ စိတ်ဒုက္ခဖြစ်မိသည်။ သောကပွားမိသည်။ သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် အိမ်သို့ ပြန်လာသည်။ သူဇနီးသည်သည် သူ့ကိုမြင်သော်-

"ရှင် ဘာဖြစ်လာပြန်ပြီလဲ၊ မျက်နှာလည်း မသာမယာနဲ့ ပါလား၊ ဘုရင်ကြီးက ရှင့်ကို ပိုပြီးခက်ခဲတဲ့ အလုပ်တစ်ခုခု လုပ်ခိုင်းပြန်ပြီနဲ့ တူတယ်"ဟု ပြောဆိုသည်။

အယ်မီလီယန်လည်း ဘုရင်ကြီး၏ နောက်ဆုံးခိုင်းစေချက်ကို ပြောပြသည်။ ထို့နောက် အယ်မီလီယန်သည် သူ့

ဇနီးအား–

"ငါတို့ ပြေးကြအောင်စို့လား" ဟု ဆိုသည်။

သို့သော် သူဇနီးက–

"ကျွန်မတို့ဟာ ဘုရင်ကြီးရဲ့ ရဲမက်တော်တွေကြားက လွတ်နိုင်မှာ မဟုတ်ပါဘူး၊ ကျွန်မတို့ ဘယ်ကိုပဲပြေးပြေး မိမှာအမှန်ပဲ၊ ရှင်ဟာ ဘုရင်ကြီးရဲ့စကားကို နားထောင်ပြီး သူခိုင်းတဲ့အတိုင်းသာ လုပ်ရုံပဲ ရှိတယ်" ဟု ပြောဆိုသည်။

ထိုအခါ အယ်မီလီယန်က–

"ငါက သူခိုင်းတဲ့အလုပ်ကို ဘယ်လိုလုပ်နိုင်မှာတုန်း"

ဟု ပြန်ပြောသည်။

အယ်မီလီယန်၏ဇနီးက–

"အို ... ကျွန်မယောကျ်ားရယ်၊ ဒါအတွက် ဘာမှစိုးရိမ်သောက မဖြစ်ပါနဲ့၊ အခု ညစာကိုစားပြီး စိတ်ချလက်ချ သွားအိပ်ပေတော့၊ မနက်စောစောသာထ၊ အလုပ်တွေအားလုံး အချိန်မီပြီးသွားလိမ့်မည်" ဟု ပြောဆိုသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် အိပ်ရာထက်တွင် လဲလျောင်း၍ အိပ်လိုက်လေသည်။ နံနက်လင်းသော် သူဇနီးက သူ့ကိုနှိုးပြီး–

"ရှင် နန်းတော်ဆီကို သွားပေတော့။ အားလုံးဟာ အဆင်သင့် ပြီးစီးနေလိမ့်မယ်၊ ရှင်လုပ်ရမဲ့အလုပ်ဟာ တစ်ခုပဲကျန်တော့တယ်။ အဲဒါ ဘာလဲဆိုရင် နန်းတော်ရှေ့မြစ်ကမ်းပါးမှာ မြေကြီးပုံတစ်ပုံကို တွေ့လိမ့်မယ်၊ ရှင်ဟာ အဲဒီမြေပုံကြီးကို ပေါက်ပြားနဲ့ ညှို့ရုံပဲ၊ ညှို့ပြီးရင် ရှင့်အလုပ်တွေအားလုံး ပြီးစီးသွားပြီ" ဟု ဆိုသည်။

ထိုသို့ဖြင့် အယ်မီလီယန်သည် နန်းတော်သို့ ရောက်ရှိလာလေသည်။ ဘုရင်ကြီးသည် အိပ်ရာမှနိုးသော် ယခင်ကမြစ်ဟူ၍ မရှိခဲ့ဖူးသောနေရာတွင် မြစ်ကြီးတစ်စင်းကို အံ့ဖွယ်တွေ့မြင်ရလေသည်။ မြစ်ထဲတွင် သင်္ဘောများ အစုန်အဆန် သွားလာလျက်ရှိသည်ကို တွေ့မြင်ရသည်။

အယ်မီလီယန်သည် ပေါက်ပြားတစ်ခုဖြင့် မြေပုံကြီးကို ညှို့လျက် ရှိသည်။ ဘုရင်ကြီးသည် ထိုအချင်းအရာကိုမြင်သော် များစွာစိတ်မချမ်းမြေ့ ဖြစ်သွားသည်။ ဘုရင်ကြီးသည် အယ်မီလီယန်အား သတ်ရန်မဖြစ်နိုင်တော့၍ ဒေါသထွက်မိလေသည်။

"ဒီလောကမှာ ဒီကောင် မလုပ်နိုင်တာဆိုတာ မရှိတော့ဘူး"

ဟု ဆိုကာ သူ့အမှုထမ်းများကိုခေါ်၍ အကြံဉာဏ်များကို တောင်းခံပြန်လေသည်။

ဘုရင်ကြီးက အမှုထမ်းများအား–

"ဒီကောင် မတတ်နိုင်တာကို စဉ်းစားကြည့်စမ်း၊ ငါတို့ပေးသမျှအလုပ်ကို ဒီကောင် လုပ်နိုင်တာချည်းပဲ၊ ဒါကြောင့် ငါ သူ့မိန်းမကို ယူလို့ကို မရဘူးဖြစ်နေတယ်"

ဟု ညည်းညူပြောဆိုလေသည်။

ဘုရင့်အမှုထမ်းများကလည်း အယ်မီလီယန် မစွမ်းနိုင်သည့်အလုပ်ကို အပြန်ပြန် အလှန်လှန် ကြံစည်စဉ်းစားကြသည်။ နောက်ဆုံးတွင် သူတို့သည် ပရိယာယ်တစ်ခုကိုစဉ်းစားမိသည်။ သူတို့သည် ဘုရင်ကြီးထံသို့ ရောက်ရှိလာကြပြီး ဘုရင်ကြီးအား–

"အရှင်မင်းကြီး၊ အယ်မီလီယန်ကို ဘယ်နေရာမှန်းမသိတဲ့ နေရာကို သွားပြီး ဘာမှန်းမသိအရာကို ယူလာခဲ့ပါလို့ ခိုင်းပါ။ ဒါဆို သူဟာ အရှင်မင်းကြီးလက်က လွတ်မှာ မဟုတ်တော့ဘူး၊ သူ ဘယ်ကိုပဲသွားသွား အရှင်မင်းကြီးက သူသွားတဲ့အရပ်ကို သွားခိုင်းတဲ့အရပ် မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ ဒီလိုပဲ သူ ဘာကိုပဲ ယူလာခဲ့ ယူလာခဲ့ ယူလာတဲ့ပစ္စည်းဟာ ယူခိုင်းတဲ့ပစ္စည်း မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်"

ဘုရင်ကြီးသည် အမှုထမ်းများ၏အကြံပေးချက်ကို များစွာသဘောကျသွားလေသည်။ ဒီအကြံက ကောင်းတယ်ဟုဆိုသည်။ ထို့နောက် ဘုရင်ကြီးသည် အယ်မီလီယန်အား သူ့ထံသို့ လာရန် ဆင့်ခေါ်လိုက်လေသည်။

ထို့နောက် ဘုရင်ကြီးသည် အယ်မီလီယန်အား–

"အသင် ဟိုကို သွားပါ၊ အဲဒီနေရာကို ငါလည်းမသိဘူး၊ အဲဒီနေရာရောက်ရင် ဟိုပစ္စည်းကို ယူလာခဲ့၊ ဘာပစ္စည်းလဲဆိုတာ ငါလည်း မသိဘူး၊ ငါပြောတဲ့အတိုင်း မလုပ်ဆောင်နိုင်ရင် မင်းခေါင်းကို ဖြတ်ရလိမ့်မယ်" ဟု မိန့်ဆိုလေသည်။

အယ်မီလီယန်လည်း အိမ်သို့ ပြန်လာကာ ဘုရင်ကြီး၏ မိန့်ကြားချက်ကို သူ့ဇနီးအား ပြန်လည်ပြောပြလေသည်။ ထိုအခါ သူ့ဇနီးသည် သည် စဉ်းစားတွေးတောလာရပေပြီ။

အယ်မီလီယန်၏ဇနီးက–

"ဘုရင့်အမှုထမ်းတွေက ရှင့်ကို ဖမ်းဖို့ ဘုရင်ကြီးကို သင်ပေးလိုက်ကြပြီ၊ အခု ကျွန်မတို့ တော်တော်သတိထားရတော့မယ်" ဟု အယ်မီလီယန်အား ပြောဆိုလေသည်။

ထို့နောက် အယ်မီလီယန်၏ဇနီးသည် ထိုင်၍စဉ်းစားကာ မည်သို့လုပ်ရမည်ဆိုသည်ကို အကြံထုတ်နေလေသည်။ နောက်ဆုံးတွင် သူခင်ပွန်း အယ်မီလီယန်အား–

"ရှင် ရပ်ဝေးတစ်နေရာကို သွားရမယ်၊ အဲဒီမှာ ကျွန်မတို့ မိသားစုရဲ့ အကြီးအကဲဖြစ်တဲ့ ကျွန်မတို့အရပ်က အဘွားအို ကို ရှာရမယ်၊ ရှင်ဟာ သူ့ဆီက အကူအညီတောင်းခံရမယ်၊

အဘွားက ရှင့်ကို ကောင်းတဲ့အကြံဉာဏ်ပေးခဲ့ရင် ရှင် နန်းတော်ကို ချက်ချင်းပြန်လာပါ။

ဘုရင့်အမှုထမ်းတွေက ကျွန်မကို အင်းအဓမ္မခေါ်ဆောင်မှာမို့ ကျွန်မ နန်းတော်ထဲ ရောက်နေပါလိမ့်မယ်။အချိန်ဟာသိပ်မရှိတော့ပါဘူး။ ရှင်ဟာ အဘွားရဲ့ပြောကြားချက်အတိုင်း လုပ်ရင် ကျွန်မကို ကယ်တင်နိုင်ပါလိမ့်မယ်”

ဟု အကြံပေးလေသည်။

ထိုသို့ဖြင့် အယ်မီလီယန်၏ဇနီးသည် အယ်မီလီယန်အား ခရီးထွက်ရန် အဆင်သင့် ပြင်ဆင်ပေးလေသည်။ ထို့နောက် အယ်မီလီယန်အား ခရီးဆောင်အိတ်နှင့် လွန်းတစ်ခုကို ပေးလိုက်ပြီး-

“ရှင် ဒီလွန်းကို ယူသွားပြီး ကျွန်မရဲ့အဘွားကို ပေးလိုက်ပါ။ ဒါဆိုရင် အဘွားက ရှင်ဟာ ကျွန်မယောကျ်ားလို့ သိသွားပါလိမ့်မယ်”

ဟု အယ်မီလီယန်ကို မှာကြားလေသည်။ ထို့နောက် အယ်မီလီယန်အား လမ်းကို ညွှန်ပြလိုက်လေသည်။

အယ်မီလီယန်သည် မြို့မှ ထွက်ခွာလာပြီးနောက် စစ်သားများ ခေါက်တုံ့ခေါက်ပြန် ချီတက်သွားလာနေသောနေရာသို့ ရောက်ရှိလာခဲ့သည်။ အယ်မီလီယန်သည် သူတို့ထံသွား၍-

“နောင်ကြီးတို့ရယ် ဘယ်နေရာဆိုတာ ငါမသိဆိုတဲ့အရပ်ကိုသွားတဲ့လမ်းရယ်၊ ဘာဆိုတာ ငါမသိဆိုတဲ့အရာကို ယူလာဖို့ရယ် နည်းလမ်းလေးများ သိကြပါသလားခင်ဗျာ”

ဟု မေးမြန်းလေသည်။

စစ်သားများသည် သူ့စကားကို အံ့သြစွာ နားထောင်ပြီးနောက်-

“ဒါတွေ ရှာဖွေဖို့ သင့်ကို ဘယ်သူက စေခိုင်းလိုက်သလဲ”

ဟု မေးမြန်းလေသည်။

အယ်မီလီယန်က ဘုရင်ကြီး စေခိုင်းခြင်းဖြစ်ကြောင်း ဖြေကြားသည်။

စစ်သားများက-

“ကျွန်ုပ်တို့လည်း စစ်သားတွေဖြစ်လာတဲ့နေ့က စပြီး ကျွန်ုပ်တို့ကိုယ်တိုင် မသိတဲ့အရပ်ကို လာခဲ့တာ အခုထိ မရသေးဘူး၊ ဒါကြောင့် သင့်ကို မကူညီနိုင်ဘူး”

ဟုပြောဆိုသည်။ထို့နောက်အယ်မီလီယန်သည်စစ်သားများနှင့် ခေတ္တမျှ စကားစမြည် ပြောဆိုပြီးနောက် ခရီးဆက်လက်ထွက်ခွာခဲ့သည်။ သူသည် မိုင်ပေါင်းများစွာ လျှောက်လာခဲ့ပြီးနောက် နောက်ဆုံးတွင် တောအုပ်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ တောအုပ်ထဲတွင် တဲတစ်လုံးကို တွေ့ရပြီး တဲထဲတွင် အဘွားအိုတစ်ယောက် ထိုင်နေလေသည်။

ထိုအဘွားအိုသည် သူ့ဇနီး၏မျိုးနွယ်ဝင် အကြီးအကဲဖြစ်သည်။ အဘွားအိုသည် ဗိုင်းငင်လျက်ရှိသည်။ ဗိုင်းငင်ရင်း ငိုယိုနေသည်။

သူ၏မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျနေသည်။

အဘွားအိုသည် ဗိုင်းတောင့်များအား တံတွေးဆွတ်ရမည့်အစား မျက်ရည်ကို သုတ်ကာ လက်ထဲမှ မျက်ရည်များဖြင့် ဗိုင်းတောင့်ကို စိုစွတ်စေသည်။

အဘွားအိုသည် အယ်မီလီယန်ကိုမြင်သော်-

“မင်း ဘာလို့ ဒီကို လာရသလဲ”

ဟု မေးလေသည်။ အယ်မီလီယန်က အဘွားအိုအား ဗိုင်းတောင့်ကို ပေးပြီး သူ့ဇနီးက စေလွှတ်လိုက်၍ လာရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

အဘွားအိုလည်း အယ်မီလီယန်အား တစ်ခဏချင်းပင် ခင်မင်သွားလေသည်။ ထို့နောက် အဘွားအိုသည် အယ်မီလီယန်အကြောင်း မေးမြန်းသည်။

အယ်မီလီယန်ကလည်း သူ့အကြောင်းကို ပြောပြသည်။ သူသည် သူ့ဇနီးကို မည်သို့ရယူခဲ့ပုံ၊ သူတို့နှစ်ဦးမြို့တွင် မည်သို့ နေထိုင်ခဲ့ပုံ၊ မည်သို့သောအလုပ်ကို လုပ်ခဲ့ရပုံ၊ နန်းတော်တွင် မည်သို့သော အလုပ်လုပ်ခဲ့ရပုံ၊ ဘုရားရှိခိုးကျောင်းကြီး ဆောက်ခဲ့ရပုံ၊ သင်္ဘောများ သွားလာနေသောမြစ်ကြီးကို မည်သို့ဆောက်ခဲ့ရပုံ၊ ထို့နောက် ဘုရင်ကြီးက သူ့အား မသိသည့် နေရာကို သွားပြီး ဘာဆိုသည် မသိသည့် အရာကို ယူခိုင်းပုံ စသည်တို့ကို အစအဆုံး ပြောပြလေသည်။

အဘွားအိုလည်း အယ်မီလီယန် ပြောကြားချက်ကို နားထောင်ပြီး နောက် အငိုရပ်ကာ-

“အချိန်တော့ တန်ပြီ”

သူ့ကိုယ်သူ တီးတိုးစကားဆိုကာ အယ်မီလီယန်အား-

“ကောင်းပြီ လူလေး၊ လူကလေးကို တစ်ခုခုကျွေးမယ်”

ဟု ဆိုသည်။ အယ်မီလီယန်လည်း အဘွားအိုကျွေးသည့် အစားအစာများကို စားသုံးသည်။ ထို့နောက် အဘွားအိုက အယ်မီလီယန်အား ဘာလုပ်ရမည်ဆိုသည်ကို ပြောပြသည်။

“ဒီမှာ အပ်ချည်တစ်လုံး။ ဒီအပ်ချည်လုံးကို လူကလေးရှေ့မှာ လိမ့်လိုက်ပါ။ အဲဒီနောက် လူကလေးဟာ အဲဒီအပ်ချည်လုံးလိမ့်သွားတဲ့အတိုင်းလိုက်သွားပါ။ပင်လယ်ကိုရောက်တဲ့အထိ ခပ်ဝေးဝေးသွားရမယ်။ အဲဒီကို ရောက်တဲ့အခါ မြို့ကြီးတစ်မြို့ကို တွေ့ရလိမ့်မယ်။ လူကလေးဟာ မြို့ထဲသို့ ဝင်လိုက်ပါ။ မြို့

အစွန်ဆုံးက အိမ်တစ်အိမ်ကို သွားပြီး အိပ်ရာတစ်နေရာ တောင်းပါ။ အဲဒီနေရာမှာ လူကလေး ရှာဖွေနေတဲ့ပစ္စည်းကို တွေ့ပါလိမ့်မယ်”

ဟု အဘွားအိုက အယ်မီလီယန်အား ရှင်းလင်းပြောဆို လေသည်။

ထိုအခါ အယ်မီလီယန်က–

“အဲဒီပစ္စည်းကိုမြင်တဲ့အခါကျွန်တော်ရှာဖွေနေတဲ့ပစ္စည်း မှန်း ဘယ်လိုလုပ်သိပါ့မလဲ အမေရယ်”

ဟု ညည်းတွားပြောဆိုလေသည်။

“လူကလေး မိဘစကားကို လျင်လျင်မြန်မြန် နာခံတတ် တဲ့နေရာမှာ ယောကျ်ားတွေထက် ပိုမိုနာခံတတ်တဲ့အရာဝတ္ထု ဟာ လူကလေးရှာဖွေနေတဲ့ အရာဝတ္ထုဖြစ်တယ်။ အဲဒီအရာ ဝတ္ထုကို လုယူပြီး ဘုရင်ကြီးကို ဆက်သလိုက်ပါ။ အဲဒီအခါ မှာ ဘုရင်ကြီးက ဒီအရာဝတ္ထုပစ္စည်း မဟုတ်ဘူးလို့ ဆိုလိမ့် မယ်။ လူကလေးဟာ ဒါမမှန်ဘူးဆိုရင် ဒါကို ရိုက်ခွဲပစ် လိုက်မယ်လို့ လျှောက်တင်လိုက်ပါ။ အဲဒီနောက် လူကလေး ဟာ ဒီအရာဝတ္ထုကို တီးခတ်ပြီး မြစ်ဆိပ်ကို သယ်ဆောင် သွားပါ။ မြစ်ဆိပ်ရောက်တဲ့အခါ ဒီအရာဝတ္ထုကို အပိုင်းပိုင်း ဖြစ်အောင် ရိုက်ခွဲချိုးဖဲ့ပြီး မြစ်ထဲ ပစ်ချလိုက်ပါ။ ဒီလို ဆိုရင် လူကလေးဟာ လူကလေးရဲ့ ဇနီးကို ပြန်ရယူနိုင်မှာ ဖြစ်ပြီး အဘွားရဲ့ မျက်ရည်တွေဟာလည်း ခမ်းခြောက်သွား စေနိုင်မှာ ဖြစ်ပါတယ်”ဟု ပြောဆိုသည်။

အယ်မီလီယန်လည်း အဘွားအိုကြီးကို နှုတ်ဆက်ကာ ချည်လုံးကိုသူ့ရှေ့တွင်လှိမ့်ချလိုက်လေသည်။ နောက်ဆုံးတွင် သူသည် ပင်လယ်ဝသို့ ရောက်ရှိသွားသည်။ သူသည် ပင် လယ်နားတွင် မြို့ကြီးတစ်မြို့ကိုတွေ့သည်။ မြို့အစွန်အဖျား တွင် ကြီးမားသော အိမ်ကြီးတစ်လုံး ရှိသည်။ အိမ်ကြီးတွင် အယ်မီလီယန်က အိပ်ရာတစ်နေရာ တောင်းယူရရှိသည်။ သူသည် လဲလျောင်း၍ အိပ်စက်သည်။

နံနက်မိုးလင်း၍ နိုးလာသောအခါ ဖခင်က သားအား ထင်းသွားခုတ်ရန် ပြောဆိုသံကို ကြားရသည်။ သားက အဖေ၏စကားကို နားမထောင်ချေ။

“အဖေကလည်း အစောကြီး ရှိသေးတယ်။ ခုမှအိပ်လို့ ကောင်းသေးတာ”ဟု သားက သူ့အဖေအား ပြောဆိုလေ သည်။

ထိုအခါ မိခင်ဖြစ်သူက–

“သားရယ်၊ မင်းအဖေ အရိုးအဆစ်တွေ ကိုက်ခဲနေလို့၊ မင်းအဖေက မင်းအစား သွားရမှာလား၊ ဒါ အိပ်ချိန်မဟုတ် တော့ဘူး၊ ထပြီး သွားတော့”ဟူသော ပြောသံကို ထပ်မံကြားရ သည်။

သားဖြစ်သူလည်း တီးတိုးစကား အနည်းငယ်ပြောကာ ပြန်အိပ်ပျော်သွားလေသည်။ သူသည် အိပ်ပျော်ကာစရှိသေး ချိန်တွင် လမ်းမပေါ်မှ မိုးကြိုးပစ်သံကဲ့သို့သောအသံကြီးကို ကြားလိုက်၍ အိပ်ရာမှ နိုးလာခဲ့သည်။

သူသည် အိပ်ရာမှ ချက်ချင်းထကာ အဝတ်အစားများကို ကပျာကယာလဲ၍ လမ်းမပေါ်သို့ ပြေးလာခဲ့လေသည်။ အယ်မီ လီယန်လည်း သူနည်းတူ အိပ်ရာမှချက်ချင်းထကာ မိဘ စကားထက် လျင်မြန်စွာ နာခံစေသည့် အရာဝတ္ထုသည် မည် သည့်ပစ္စည်း ဖြစ်သနည်းဆိုသည်ကို သိလို၍ သူ့နောက်ကို လိုက်သွားလေသည်။

လူတစ်ယောက်သည် အရာဝတ္ထုတစ်ခုအား သူဝှမ်းဗိုက် နှင့် ကပ်ကာ ချည်၍ သယ်ဆောင်သွားသည်ကို တွေ့ရလေ သည်။ ထိုလူသည် တုတ်ဖြင့် ထိုအရာဝတ္ထုကြီးကို ရိုက်ခတ် နေလေသည်။

မိုးကြိုးပစ်သံကဲ့သို့သော အသံကြီးသည် သူ ရိုက်ခတ်၍ ထွက်ပေါ်လာသော အသံပင် ဖြစ်သည်။ အမိအဘထက် လျင်မြန်စွာ နာခံစေသော အရာဝတ္ထုသည် ထိုသူရိုက်ခတ် နေသော အရာဝတ္ထုပင်ဖြစ်သည်။ အယ်မီလီယန်သည် ထို အရာဝတ္ထုကို သွားရောက်ကြည့်ရှုသည်။

ထိုအရာဝတ္ထုကြီးသည် ဝိုင်း၍ စည်ပိုင်းကြီးနှင့်သဏ္ဌာန် တူသည်။ အစွန်းတစ်ဖက်တစ်ချပ်စီတွင် သားရေဖြင့် ကျက် ထားသည်။ အယ်မီလီယန်က ထိုအရာဝတ္ထုကို ရိုက်ခတ်တီး နေသော ပုဂ္ဂိုလ်အား–

“ဒီပစ္စည်းကို ဘယ်လိုခေါ်ပါသလဲ”ဟု မေးလိုက်သည်။

ထိုအခါ–

“ဒါဟာ စည်ပေါ့”ဟု ပြန်ဖြေသည်။ အယ်မီလီယန်က–

“အထဲမှာ ဘာမှလည်း မရှိပါလား”ဟု မေးသည်။

“ဟုတ်တယ်၊ အထဲမှာ ဘာမှ မရှိပါဘူး”ဟု ပြောသည်။

အယ်မီလီယန်သည် အံ့သြသွားသည်။ စည်ကြီးအား သူ့ ကိုပေးရန် တောင်းဆိုသည်။ သူတို့က စည်ကြီးကို မပေးချေ။ ထို့နောက် အယ်မီလီယန်သည် ထပ်မံစကားမဆိုတော့ဘဲ စည်သမားနောက်မှ အစဉ်တစိုက် လိုက်ပါသွားလေတော့ သည်။

တစ်နေ့တာလုံးလုံး စည်တီးသမားနောက်သို့ တကောက်ကောက်လိုက်ပါခဲ့သည်။ နောက်ဆုံး အိပ်စက်လဲလျောင်းနေစဉ် အယ်မီလီယန်သည် စည်ကြီးကို လုယူ၍ ထွက်ပြေးလေသည်။

အယ်မီလီယန်သည် သူ့မြို့သို့ အပြေးနှင်လာခဲ့သည်။ အယ်မီလီယန်သည် သူဖနီးအိမ်သို့ သွားရောက်ရာ အိမ်တွင် သူဖနီး မရှိသည်ကို တွေ့ရလေသည်။ အယ်မီလီယန် ခရီးထွက်ခွာလာခဲ့ပြီး နောက်တစ်နေ့တွင် ဘုရင်ကြီးသည် သူဖနီးကို နန်းတော်သို့ခေါ်ဆောင်သွားခဲ့ချေပြီ။

ထို့နောက် အယ်မီလီယန်သည် ဘုရင်ကြီး၏ နန်းတော်သို့ လိုက်သွားသည်။ အယ်မီလီယန်သည် ဘုရင်ကြီးထံသို့-

"ဘယ်နေရာဆိုသည် ငါမသိသည့် နေရာကို သွားပြီး ဘယ်အရာဆိုသည် ငါမသိသည့် ပစ္စည်းကို ယူလာသူ ပြန်ရောက်ရှိပြီဖြစ်ကြောင်း သတင်းပို့လိုက်သည်"

ဘုရင်ကြီး၏ သံတော်ဆင့်သည် သူထံသို့ ပြန်လည်ရောက်ရှိလာပြီး အယ်မီလီယန်အား နန်းတော်သို့ နောက်နေ့မှ လာရောက်ရန် ပြောကြားသည်။

အယ်မီလီယန်က သံတော်ဆင့်အား-

"ဘုရင်ကြီးကို ယူခိုင်းတာကို ယနေ့ ကျွန်ုပ် ယူဆောင်လာခဲ့ပြီလို့ သင်တို့ဘုရင်ကြီးကို သွားပြောချေ။ တကယ်လို့ ဘုရင်ကြီး မထွက်လာရင် ကျွန်ုပ် သူ့ဆီကို သွားရောက်ရပါ့မယ်" ဟု ပြောလိုက်သည်။

ထိုအချိန်တွင် ဘုရင်ကြီးလည်း ထွက်လာခဲ့ပြီး အယ်မီလီယန်အား-

"အသင် ဘယ်ရောက်ခဲ့သလဲ"

ဟု မေးသည်။ အယ်မီလီယန်ကလည်း သူ ရောက်ခဲ့သည့် နေရာကို ပြောပြသည်။

ထိုအခါ ဘုရင်ကြီးသည် ဤနေရာသည် ငါခိုင်းစေလိုက်သည့်နေရာမဟုတ်ဟု ပြန်ပြောဆိုပြီးနောက်-

"အသင် ဘာကို ယူခဲ့သနည်း" ဟု မေးပြန်သည်။

ထိုအခါ အယ်မီလီယန်က စည်ကို ညွှန်ပြသည်။ ဘုရင်ကြီးသည် စည်ကို ကြည့်ရုံမျှပင် မကြည့်ဘဲ-

"ဒီပစ္စည်းဟာ ငါယူဆောင်ခိုင်းတဲ့ပစ္စည်း မဟုတ်ဘူး" ဟူ၍ ဆိုပြန်သည်။

အယ်မီလီယန်က-

"ဒီပစ္စည်းဟာ ဘုရင်ကြီး ယူဆောင်ခိုင်းတဲ့ ပစ္စည်းမဟုတ်ရင် ဒီပစ္စည်းကို ရိုက်ခွဲပစ်မယ်၊ မကောင်းဆိုးဝါးကောင်တွေ ယူချင်ရင် ယူပေတော့" ဟု ဘုရင်ကြီးအား ပြောဆိုသည်။

ထို့နောက် အယ်မီလီယန်သည် စည်ကြီးကို သယ်ဆောင်ကာ နန်းတော်မှ ထွက်ခွာလာသည်။ အယ်မီလီယန်သည် လမ်းတစ်လျှောက်တွင် စည်ကြီးကို တီးခတ်သွားသောအခါ ဘုရင်ကြီး၏ စစ်သည်တော်များသည် အယ်မီလီယန်နောက်သို့ ပြေးလိုက်ကုန်ကြသည်။ ထို့နောက် စစ်သည်တော်များသည် အယ်မီလီယန်က သူတို့ကို မည်သို့သော အမိန့်ပေးမည်ဆိုသည်ကို မေးမြန်းကြလေသည်။

ဘုရင်ကြီးသည် ပြတင်းပေါက်မှထွက်ကာ သူ့စစ်သည်တော်များအား အယ်မီလီယန်နောက်သို့ မလိုက်ရန် အော်ဟစ်ပြောဆိုလေသည်။ သို့သော် စစ်သည်တော်များသည် ဘုရင်ကြီး၏ပြောစကားကို နားမထောင်ကြချေ။ သူတို့သည် အယ်မီလီယန်နှင့် စည်ကြီးနောက်သို့သာ လိုက်လံလျက် ရှိကြသည်။

ဘုရင်ကြီးသည် အဆိုပါ အချင်းအရာကိုမြင်သော်အမှု ထမ်းများအား အယ်မီလီယန်၏ဖနီးကို သူ့ခင်ပွန်းထံ ပြန်လည်အပ်နှံရန် အမိန့်ပေးလိုက်လေသည်။ ထို့ပြင် အယ်မီလီယန်ထံ စာဖြင့် စေလွှတ်၍ စည်ကြီးအားဘုရင်ကြီးထံသို့ အပ်ရန် တောင်းဆိုလေသည်။

ထိုအခါ အယ်မီလီယန်က-

"ဒါတော့ မဖြစ်နိုင်ဘူး၊ ဒါစည်ကြီးကို ရိုက်ခွဲပစ်ပြီး အပိုင်းအစတွေကို ရေထဲလွှင့်ပစ်ဖို့ ကျွန်ုပ်ကို မှာထားတယ်"


ဟု ပြန်ပြောလေသည်။

ထို့နောက် အယ်မီလီယန်သည် စည်ကြီးကို သယ်ဆောင်ကာ မြစ်ဆိပ်သို့ လာခဲ့သည်။ စစ်သည်တော်များကလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြသည်။ မြစ်ကမ်းပါးသို့ရောက်သော် အယ်မီလီယန်သည် စည်ကြီးကို ရိုက်ခွဲကာ အပိုင်းအစများကို ရေထဲ ပစ်ချလိုက်လေသည်။ ထိုအခါ စစ်သားများကလည်း ပြေးထွက်သွားကြလေသည်။ အယ်မီလီယန်သည် သူဖနီးကို ပြန်တွေ့ကာ အိမ်သို့ ခေါ်ဆောင်သွားလေသည်။ ထိုအခါမှစ၍ ဘုရင်ကြီးသည် သူတို့ဖနီးမောင်နှံအား ဒုက္ခထပ်မပေးတော့ပေ။ သို့ဖြင့် သူတို့ဖနီးမောင်နှံသည် ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြလေသည်။

မောင်ခေတ်ထွန်း

ကာတွန်း

ပုံပြင်ဒဿန




ကျွန်တော်သတ်ကို သေတယ်လို့
ခံချင်ကြ ဖြောက်ကြ ပေမယ့် ဘုရင်
သေရင် နတ်ရွာစံတယ်၊ အဲ...
ဘုန်းကြီးက ပျံလွန်တော်မူတယ်-
အဲသလိုဖြောဆိုမှ ကွဲပြဲ သဘို
ဂျူ ဘုရင် ဘုန်းကြီး ဒါသိုးသိုးရဲ့
ပြုမှုကျင့်ကြံမှု ကျင့်ဝတ်တွေက
လည်းပဲ မတူညီကြဘူး၊ ဒါတွေကို
စောင့်ရှောက်ပြီး ထိန်းသိမ်းတာတွေဟာ
ကိုယ့်ကျင့်ဝတ်သိက္ခာနဲ့ အညီ ပြုမှု
ဂန္ထဝိုင်ခြွေးတွေပဲ ဆိုကွယ်...


ဂျူ.ရှည်း ဘီလူးရှည်းပါ၊ ခန့်-
ခြီဒါပဟ် သားသား မီးမီးတို့ကို
ဖြေဖြေဖြို့ ရွေးချယ်ထားတဲ့
ပုံပြင်ရေးက အဲဒီကျင့်ဝတ်နဲ့
ပတ်သက်ဆက်နွယ်တဲ့
ပုံပြင်ရေးပါ။



ဒီပဲပြုင်ကစလေးရဲ့ အဓိက လျာတ်
ဝင်ကောင်စတွေကတော့ မာလာကသို
ပြည်ရှင် ဘုရင်၊ သူ့ရဲ့ နှန်းတွင်း
ပတ္တပေါတ် ပုဏ္ဏား၊ ပြုံးတော့ -
ခွန်းခဏ္ဍား ဒခါ ခဏ္ဍာလ ဒခါ
သူဌေတင်းစား (သူဌေတင်းစား)
ဆိုတဲ့ သုံးဦးပါပဲကွယ်-
ကဲ ပဲပြုင်စလေးကို
စလိုက်ရအောင် ။



မာလာကသို ဝိုင်းရှေ့ပြည်ရဲ့ တစ်ခုသော
သုသာန်မှာ ခဏ္ဍာလ ဂုန်းဒမောင်နဲ့ ဂို
သတဲ့ ၊ ခဏ္ဍာလ ဆိုတော့လည်း
အရေပါကာလျှင် ဒတောင်းရမ်းစား
သောက်ကြတာပေါ့၊
အဲဒီတုန်းက အခွံလို ဆင်းရဲသား
ပဿောက်ရေး စီမံကိန်းတွေ ဘာတွေ
မရှိဘူး ထင်ပါတယ်...



ကျုပ် သရဲကိုသိုး
စား ချင်စိတ် အာသီသ
ပြင်း ပြတယ်ဗတ်
Hm.. ဒီ ဂျာသိက
သရဲကိုသိုး သိုး ချိုနှုန့်
မဟုတ်ဘဲတဲ့
ဟုတ် ဟုတ်
မဟုတ် ဟုတ်ဗတ်
ဂျာဂယ်းဆို ဂျာဂယ်း
လင်ပြစ်သူက အသို ပြုသို့ မဝေး ဗတဲ့ ...
မယား ကလည်းသူက ငြူ ဇီးစဉ်ဆောင့်စဉ်ဆောင့် နဲ့ဟာ
ခမ်း ရွ စိတ်ဓာတ်ကလဲ ပြတဲ့ သနားဉာဏ်သား -
လင်ဝယောကျ်ား အယူတပြင်း စဉ်းစား ဂျပြီပေါ့!
ဘယ်ကစနဲ့ ဘယ်လို ဘယ်မှာ
ဂျာဂုပါ! ခြိုး...

ဘယ်လိုမှ ကွာမရ ဖမ်းမရတော့ ဘဝတူအဖေပါင်းအဖော်လောင်နဲ့ ပတ်ဝန်းကျင်က ကူညီ
အိမ်မှာ မေးမြန်းစုံးစမ်းလာ စုံစမ်းစမ်းစမ်းစုံစုံရတော့တာပေါ့ကွယ်။

ဟာ... ဝမ်းသာစရာ
ဒီတယ်ကွာ၊ ဒါမယ်ခဲ့
မင်းစွန့်စားရမယ


ဟမ်း... ဟုတ်တယ်
အဲဒါကို ကျုပ် မစဉ်းစားမိဘူး
အဲဒီမှာတော့ ငယ်ချာပေါက်
ရှိနိုင်မှာဘဲ မယား အတွက်
လွန်စားရမှာပေါ့...
မယား အတွက်
ဘုန်း ငတ်ကြောင်း
လုပ်ရမှာပ..
အာပါး...
အခောင့်အရောက်
လွတ်တော့ အများ
ဘးကလား...

ကင်းလှည့်တဲ့
အရောင့်ရတွေတော့
ဖက်သားပြီ၊ အမြန်
လှုပ်ရှားမှာဟဲ့..
ဒီလိုနဲ့ အကာလ ညအခါ
ခင်မှန်း ဓာတ်လေက ဘုရင့်
ညီယျာဉ်ထဲ ခိုးဝင်ပြီးတော့
မယား အတွက် သရက်သီး
ခိုးဖို့ စွန့်စားခန်း စပါရော့
ခါးမဲ့ ညီယျာဉ်ထဲမှာ...
ဟစ်ပင်က ဟစ်ပင်
ကျေးဇူးတော်ပါ၊ ဟစ်လုံးမှ
လည်း မရတဲ့ဘူး
မိုးလင်းကုန်းပြီ၊ သရက်ပင်ရတွေမှာ
သရက်သီး လည်းမရတဲ့ဘူး၊ အရောင့်
ရတွေ ငုံရတဲ့သွား၊ ရင် ဝသပြီဆရာပဲ
ဒီ သစ်ပင်ဝပါမှာဟဲ့ ညလျှောက်တဲ့ အထိ
မှန်းခိုပြီး ညကမှ ပြန်လွှတ်ရမှာဟဲ့-
စွန့်စား ဂျပိုး မနုပ်လိုက်တာဇော်-

အာ မနှက်လင်းတော့ ဂေဒင်ဘင်ရန် အကြံဉာဏ် ဘရင်နဲ့ သူ့ရဲ့ ပုဏ္ဏား ကလည်း ဉာဏ်ခြောက်ပါတယ်၊ ဖြစ်ချင်တော့ ဘရင်နဲ့ ပုဏ္ဏား ဟာ တောထဲ ပုန်းခိုနေတဲ့ သမ်ပင်ဇောက်မှာ - ဂေဒင်ပညာ သင်ယူဖို့ ဆုံးဂျာတို့ ရွေးချယ်ခိုက်ဘဲကွယ်..

ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ - ဘရင်ကသမ်ပင်ရဲ့ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ ပုဏ္ဏားက ရေမြေပြင်မှာ ဂေဒင်ပညာ သင်ယူနေတဲ့ သတ္တဝါ ခြေကို အရေပါးဖိုးက ဆောင်လာ သမ်ပင်ဂေါ အထက်မှာ -


ဟာ.. အမြင်မတော်
သင်တော်နဲ့ခရေပေါက် ဆိုသလို
ဂခေါက်တို့ ဂခေါက်ချာနဲ့
တကယ့် တကွဲကြီးပါ့ဟာ
မဖြစ်ပါဘူး....
ကျင့်တတ်အမှားကို ပြောင်းရတော့ရဲတဲ့ ခက်ထာလ
ဟာ သရဲကိုယင်ပေါက် ကမန်းကတမ်းနဲ့
ဆင်းပို့ကတာ ဗင်ခြေအိုတောင် ကျဆိုပါပဲ၊
မြန်းစားကြီးဆိုတော့ ဘာရင်နဲ့ ပုဏ္ဏား
ကြီးတောင် အံ့ကြည်ထိတ်လန့်ကြပါသတဲ့၊
ကျွန်တော်မျိုးဟာ
ကျင့်ဝတ်မတောင့် မိန်းမငဲ့
အကျိုးကိုလိုက်၍ ဦးမှာကို ကျွေး
ကျွန်ုပ်နှင့် အားထုတ်ခဲ့ပါတယ်-
အမျိုးယုတ် ကျွန်ုပ် အရှင့်
အထောက်အမပြုခင်ပါမှာ
ဟင်း..
ဘာလဲဟာ..

ဗုဒ္ဓဘုရားရှင်ကြီး ကယ်တော်မူပါ
ဘုရားရှင်ကြီး ကယ်တော်မူပါ
ဘုရားရှင်ကြီး ကယ်တော်မူပါ


သမ္မုတ်ဦးသိန်းစိန်ကို
ဆွဲနှုတ်ခေါ်သွားစဉ်

ဟိုးရှေးအခါတုန်းက အခု ကချင်ပြည်နယ်လို့ သတ်မှတ်ထားတဲ့ မြောက်ဘက်တောင်ကုန်းဒေသမှာ အင်မိုင်ခမြစ် (မေခမြစ်) ကြီးမြစ်ဖျားခံစီးဆင်းလာခဲ့တယ်။ အဲဒီရေခဲဖုံး တောင်တန်းတွေ အနက်က " ငလောင်ဘွန် " ဆိုတဲ့ တောင်တန်းကြီးပေါ်က တောင်ကုန်းပြန့်ကလေးပေါ်မှာ " ခရဲနောင် " နဲ့ " ခရဲဂမ်း " တို့ ညီအစ်ကိုတွေရဲ့မိသားစုနေထိုင်ခဲ့ကြသတဲ့။ ခရဲဂမ်းက အစ်ကိုကြီး၊ ခရဲနောင်က ညီလေးပေါ့။

သူတို့ညီအစ်ကို အရွယ်ရောက်လာကြတဲ့အခါ အသီးသီး အိမ်ရာတည်ထောင်ခဲ့ကြပြီး သားတွေ သမီးတွေ ပွားစီးလာကြတယ်တဲ့။ အိမ်ထောင်စုဝင်တွေတဖြည်းဖြည်း များလာကြတဲ့ အခါ လုပ်ကိုင်စားသောက်ဖို့ နေရာကောင်းတွေရှာဖွေရင်း တောင်ဖက်ကို တဖြည်းဖြည်း ဆင်းလာခဲ့ကြတယ်။ ငလောက်ဘွန် ကနေ "မရှေ့" ဆိုတဲ့ နေရာ ရောက်တော့ ရွာကြီးတစ်ခုကို အတည်တကျ ထူထောင်လိုက်ကြသတဲ့။

ဒါပေမဲ့ သူတို့ ညီအစ်ကိုရဲ့ အိမ်ထောင်စုတွေဟာလည်း များ များလာတယ်။ ဒီထက်ပိုကောင်းတဲ့နေရာများတွေ ဦးမလားဆိုပြီးအောက်ဖက်ကို တရွေ့ရွေ့ဆင်းလာကြပြန်ရော။ နေရာတစ်နေရာမှာ ဘယ်တော့မှ ကြာကြာမနေဘူး။ ဂွန်မကြော့ရွာ၊ ဒွန်းငွတ်ရွာ၊ ဝက်စွပ်ရွာတွေဟာ သူတို့ညီအစ်ကို တည်ခဲ့တဲ့ရွာတွေပဲပေါ့။ အဲဒီရွာတွေဟာ ဒီကနေ့ထက်တိုင် အင်မိုင်ခမြစ်ရဲ့ အနောက်ဖက်မှာ ရှိနေသေးရဲ့။

ဝက်စွပ်ရွာကို တည်ပြီးတဲ့ အချိန်မှာ ညီအစ်ကိုနှစ်ယောက်တိုင်ပင်ကြပြန်တယ်။ ရှေ့ခရီးကို ဆက်သင့်မဆက်သင့် ဒီလိုရွာတွေကိုချည်း ဆက်တည်မနေပဲ သင့်မြတ်တဲ့နေရာ တစ်ခုခုမှာ အခြေတကျ နေသင့်မနေသင့်စသည်ဖြင့်ပေါ့။

" အစ်ကိုကြီးရေ ကျုပ်တော့ တစ်နေရာရာမှာ မားမဦးချတုံးတုံးချပြီးနေလိုက်ချင်ပြီဗျာ။ ဒီလိုချည်းသွားလိုက်လာလိုက်လုပ်နေရတာ ငြီးငွေ့လာပြီ။ ပြီးတော့ ကျုပ်တို့ရဲ့မိသားစုတွေကလည်း တဖြည်းဖြည်းများလာပြီ မဟုတ်လား"

" အေး . . . ညီလေးပြောတာ ဟုတ်တော့ဟုတ်ပါတယ်။ တို့တစ်တွေရဲ့လက်ရှိဒီတစ်ဘဝတခဏာကလေးလောက်အတွက်ဖြင့် လုံလောက်ပြီလို့ ပြောနိုင်ပေတာပေါ့။ သို့ပေမဲ့ တို့များက ပေါက်ဖွားဆင်းသက်လာမယ့် နောင်လာနောက်သားသားမြေးမြစ်တွေလက်ထက်အထိ အရှည်မျှော်ကြည့်ပြီး စဉ်းစားရမယ်ကွယ့်။ အခုရှိနေတဲ့တို့ မိသားစုရာဂဏန်းလောက်ဟာ နောင်နှစ်ပေါင်းများစွာကြာတဲ့အခါ လူပေါင်းသိန်းချီသန်းချီရှိတဲ့ လူမျိုးစုကြီး မျိုးနွယ်အစုအဝေးကြီးတစ်ခုဖြစ်လာလိမ့်မယ်။ အဲဒီ တို့သားတို့မြေးတို့မျိုးဆက်တွေ အတွက် ဒီထက်ကျယ်ပြန့်တဲ့ လယ်ယာစိုက်ကွင်းတွေ မြစ်ကြီးချောင်းကြီးတွေလိုတယ် "

" ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးရယ်။ ကျုပ်ကတော့ ရနိုင်သမျှကလေးနဲ့ ကျေနပ်ရောင့်ရဲနိုင်ပါတယ်။ ကျုပ်သားကျုပ်မြေး ကျုပ်မိသားစုတွေကိုလည်း အဲသလို အလိုလောဘနည်းအောင် သွန်သင်ဆုံးမ ထားပါတယ်။ အဘိုးအဘွားအမိအဖတွေ ခေါင်းချခဲ့တဲ့ဒီမြေ၊ ဘိုးဘွားမိဘတွေတည်နေကိန်းနေတဲ့ ဒီတော ဒီတောင်တွေကနေ ခွဲခွာပြီးလည်း မသွားချင်ဘူး။ ကျုပ်တို့ဇာတိမြေကို ကျုပ်ချစ်တယ် အစ်ကို "

ခရဲနောင်နဲ့ ခရဲဂမ်းညီအစ်ကိုဟာ အကြာကြီးဆွေးနွေးကြတယ်။ နောက်ဆုံးတော့ အစ်ကိုကြီးဖြစ်တဲ့ ခရဲဂမ်းနဲ့ သူ့ရဲ့မိသားစုတွေက ရှေ့ကိုခရီးဆက်ကြဖို့၊ ညီလေးခရဲနောင်နဲ့ မိသားစုတွေကတော့ ဝစွပ်ရွာနဲ့ အရင်က တည်ခဲ့ဖူးတဲ့ ရွာတွေမှာပဲ အခြေချနေထိုင်ပြီး ဘိုးဘွားမိဘများရဲ့ဇာတိမြေကို စောင့်ရှောက်ဖို့ ဆုံးဖြတ်လိုက်ကြသတဲ့။ အဲဒီလိုလည်းဆုံးဖြတ်ပြီးရော သူတို့ညီအစ်ကိုဟာ တစ်ညလုံး အတူနေရင်း စကားတွေပြောကြ ရှေးဟောင်နှောင်းဖြစ်တွေကို စားမြုံ့ ပြန်ကြမျက်ရည်ကျကြနဲ့ ကုန်လွန်ခဲ့ကြသတဲ့။

နောက်တစ်နေ့လည်းရောက်ရော အစ်ကိုကြီးခရဲဂမ်းနဲ့သူ့မိသားစုတွေဟာ ဝစွပ်ရွာကနေ မြေသစ်ရှာဖို့ ထွက်လာခဲ့ကြတယ်။ ညီလေးခရဲနောင်နဲ့ မိသားစုတွေကလည်း ဝစွပ်ရွာအပြင် အင်မိုင်ခမြစ်ကမ်းနဖူးရောက်တဲ့အထိ စုစုဝေးဝေးပို့ဆောင်နှုတ်ဆက်ကြလေရဲ့။ လွမ်းကြ၊ ဆွေးကြ၊ ပျော်ရွှင်ကြနဲ့ထုံးစံအတိုင်း တ



ပျော်တပါးကြီးပလေ။ ခရဲဂမ်းတို့ဟာ အင်မိုင်ခမြစ်ရိုး အတိုင်း တောင်ဘက်ကို စုန်ဆင်းလာခဲ့ကြတယ်ဆို တာကိုး။

အဲဒီလိုနဲ့ နောင်နှစ်တွေလတွေများစွာကြာမြင့်လာ တဲ့အခါ နယ်မြေသစ်ရှာဖွေတည်ထောင်ဖို့ ထွက်သွား ကြတဲ့အစ်ကိုကြီးခရဲဂမ်းနဲ့မိသားစုများဟာ ဧရာဝတီ မြေပြန့်မြစ်ဝှမ်းလွင်ပြင်ကြီးမှာ နေထိုင်တဲ့ ဗမာ လူမျိုး ရယ်လို့ဖြစ်သွားသတဲ့။ တောင်တန်းကြီးပေါ်မှာ ကျန်ရစ် ခဲ့ကြတဲ့ ခရဲနောင်ရဲ့သား၊ မြေး အဆက်အနွယ်တွေက ဖြင့် လောင်ဝေါ် လို့ ဒီကနေ ခေါ်နေကြတဲ့ ကချင်လူမျိုး တွေ ဖြစ်လာခဲ့ကြသတဲ့။ လောင်ဝေါ် လူမျိုးတွေကို မရှုးလို့လည်း ခေါ် ကြပါသေးတယ်။

ညီလေးခရဲနောင်ဟာ သူဇာတိမြေမှာပဲ တောင် ယာစိုက်ပျိုးမုဆိုးအဖြစ် အမဲလိုက်ဆေးဖက်ဝင်သစ်ပင် သစ်မြစ်တွေရှာဖွေပြီး ပျော်ပျော်ရွှင်ရွှင်ပဲ နေလာခဲ့သ တဲ့။ ကာလအတန် ကြာတဲ့အခါ တစ်လောကလုံးမှာ သားချင်းညီအစ်ကိုရယ်လို့ တစ်ယောက်တည်းပဲ ရှိတဲ့ သူ့အစ်ကိုကြီးကို လွမ်းလာတယ်။ အစ်ကိုကြီးနဲ့တွေ့ရ အောင်အစ်ကိုကြီးရှိတဲ့ အရပ်ဒေသကိုပဲစုံစမ်းမေးမြန်း နေခဲ့တာပေါ့။

အစ်ကိုကြီးခရဲဂမ်းကဖြင့် တောင်တန်းတွေပေါ်က ဆင်းလာခဲ့ပြီးတဲ့နောက် ဧရာမကျယ်ပြန့်တဲ့ မြေပြန့် လွင်ပြင်ကြီးကို တွေ့တယ်ကိုး။ သူ့ရဲ့သားသမီးတွေကို မြို့တွေရွာတွေရာတွေတည်ထောင်ပြီး အခြေချပေး လိုက်၊ တောင်ဖက်အရပ်ကို ဆက်သွားလိုက်နဲ့ နောက် ဆုံးပင်လယ်ကြီးကို တွေ့ရတော့မှပဲ သူတို့ရဲ့ ခရီးက ဆုံးတော့သတဲ့။ အဲဒီမြေပြန့်လွင်ပြင်ကြီးပေါ်မှာ ခရဲဂမ်း ရဲ့ သားမြေးတွေဟာ အသီးသီးမြို့တွေရွာတွေတည် ထောင်ပြီးနေလိုက်ကြတာ ဘာသာစကား၊ စာပေ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာဓလေ့၊ ကိုးကွယ်ယုံကြည်မှု တွေပါပြောင်းလဲသွားသြသတဲ့။ နေရာဒေသအလိုက် ကိုယ့်ဘုရင်နဲ့ကိုယ်မြို့ ပြနိုင်ငံတွေတည်ထောင်ပြီးနေ ကြတယ်လို့ ညီလေးခရဲနောင်ကကြားရတယ်။ အဲဒီလို အစ်ကိုကြီးရဲ့သတင်းတွေကိုကြားရလေလေ၊ ညီလေး ခရဲနောင်ဟာ အစ်ကိုကြီးနဲ့တွေ့ချင်စိတ်တွေတဖွားဖွား ထက်သန်ပြင်းပြလာလေဖြစ်နေသတဲ့။

တစ်ရက်မှာတော့ ခရဲနောင်ဟာ သူ့အစ်ကို ခရဲဂမ်း ဆီလိုက်မှပဲ ဆိုပြီး ရိက္ခာခြောက်ပလိုင်းကလေးကို လွယ်၊ လေးနဲ့မြား၊ ဆောင်မားလေးတွေကိုင်ပြီး တောင် ပေါ်က ဆင်းလာခဲ့တယ်။ သူတို့ညီအစ်ကို မခွဲခွာခင် တုန်းက သူ့အစ်ကိုပြောခဲ့တဲ့ “ ညီလေးရေ . . . အစ် ကိုရှိတဲ့နေရာကို လိုက်လာမယ်ဆိုရင်လွယ်ကူအောင် လမ်းခရီးမှာ အမှတ်အသားကလေးတွေ ထားရစ်ခဲ့ မယ်။ အဲဒါတွေကို ရှာဖွေပြီးသာ လိုက်လာခဲ့ပေတော့ ” ဆိုတဲ့စကားကိုကြားယောင်ပြီးအဲဒီအမှတ်အသားတွေ ကို လိုက်ရှာတာပေါ့။

အဲဒီမှာတောင့်ပျော်ပင်တွေကိုတွေ့တယ်။ သူတို့ ငယ်ငယ်ကလေး ဘဝတုန်းက တောထဲမှာလမ်းမ ပျောက်အောင့်ပျော်ပင်တွေကို ခုတ်ခုတ်ပြီး အမှတ် အသားလုပ်တတ်တာကို ဖြုန်းကနဲ သတိရမိလိုက်တဲ့ အခါ “ ဒီတောင့်ပျော်ပင်တွေဟာ အစ်ကိုကြီးခရဲဂမ်း ချန်ထားခဲ့တဲ့လမ်းပြ အမှတ်အသားတွေပဲ ဖြစ်လိမ့် မယ် ” လို့ သူက အတပ်တွေး လိုက်မိသတဲ့။

ဒါပေမဲ့ သူတွေ့နေရတဲ့ ငှက်ပျော်ပင်တွေဟာ ခုတ် ရာမရှိပဲ သူ့သဘာဝအတိုင်း ကြီးနေထွားနေလိုက်ကြ တာတဲ့။ ကလေးဘဝ ကတည်းကမှတ်ထားတဲ့အစွဲအရ သူ့အစ်ကိုကြီးထွက်သွားတုန်းက ဒီလမ်းပြငှက်ပျော်ပင် တွေကို သေသေချာချာခုတ်ပြီး အမှတ်အသားချန်ထား ရစ်ပေမဲ့ အချိန်ကာလတွေ အများကြီးကြာသွားခဲ့လို့ ခုတ်ရာက အပင်ပြန်ထွက်နေတာ အဲဒီအပင်တွေ တောင် အတော်ကြီး ကြီးကုန်ကြပြီ အစ်ကိုကြီးသွား တာ ကြာလေမှ ကိုးလို့ အတွေးဝင်လာသတဲ့။

“ သြော် . . . ငါ့အစ်ကို ကြီးနှယ်၊ ဇာတိမြေက ထွက် သွားတာပဲကြာလေလှပြီ။ တစ်ခေါက်ကလေးတောင် အလည်ပြန်လာဖို့ သတိမရဘူး။ တကယ်ဆိုရင်တို့ တစ်အုထုံဆင်း သွေးရင်းညီအစ်ကိုတွေပဲ။ သွေးသား ရင်း ခြာတွေပဲ။ တို့အမျိုးအနွယ်အစဉ်အဆက်ချစ် ကြည်ရင်းနှီးကြရအောင် တစ်ယောက်ကိုလွှတ်ပြီး ခေါ် ဖို့ကောင်းတယ်။ မြေပြန့်လွင်ပြင်မှာကြီးပွားချမ်းသာနေ လို့ ဒီညီလေးကို မေ့သွားပြီထင်ပါရဲ့ ” လို့ တွေးရင်း

တွေးရင်းဝမ်းနည်းလာသတဲ့။ အစ်ကိုကြီးခရဲဂမ်းထွက်သွားတဲ့ အင်မိုင်ခမြစ်ရိုးအတိုင်း မျှော်ကြည့်ရင်း ငိုနေမိတာ ရက်တစ်ပတ်လောက်ကြာသတဲ့။ နောက်ပိုင်းလည်း မြစ်ကမ်းနဖူးကို မကြာမကြာရောက်လာပြီး သူ့အစ်ကိုကြီး ခရဲဂမ်းကို မျှော်မျှော်နေသတဲ့။ အဖိုးခရဲနောင်ဟာ အသက် ၁၀၀ ကျော်မှပဲ သေသွားတယ်။ သူမသေခင်မှာသူ့ရဲ့သား မြေး၊ မြစ်တွေကို ဒီလိုမှာခဲ့သတဲ့။

ငါလည်းအသက်ကြီးလှပြီ။သိပ်မကြာခင်မှာသေရတော့မယ်။ မင်းတို့ရဲ့ ဦးကြီး ငါ့ရဲ့ အစ်ကိုကြီး ခရဲဂမ်းဆိုတာ ဟိုးအောက်မြေပြန့်လွင်ပြင်မှာ ရှိနေလေရဲ့။ ငါ့လိုပဲ အသက်ရှည်နေလေမလား၊ သေပဲသေရှာပြီလားမသိ။ ဒါပေမဲ့ သူရဲ့ အဆက်အနွယ်တွေကတော့ ဗမာလူမျိုးဆိုပြီး ရှိနေသေးသတဲ့။ အဲဒါဟာ မင်းတို့ရဲ့ သွေးရင်းသားရင်း ညီအစ်ကိုတွေပဲ။ တို့လောင်ဝေါ် (မရူ)နဲ့ ဗမာ ဆိုတာ တစ်မိသားစုထဲက ပေါက်ဖွားလာခဲ့တာ။ တစ်နေ့နေ့မှာ ငါ့အစ်ကိုကြီးရဲ့ရင်သွေးတွေ တို့ရဲ့ဇာတိမြေကို ရောက်လာကြလိမ့်မယ်။ အဲဒီအခါ တစ်ဦးနဲ့ တစ်ဦး သွေးချင်းသားရင်း ဖြစ်ကြောင်းသိနိုင်ဖို့ ဝတ်စားဆင်ယင်မှုနဲ့ တို့ဘာသာ စကားတွေကို ထိန်းသိမ်းထားကြ။ အစ်ကိုကြီးရဲ့ မြေးမြစ် တွေကလည်း အဲသလို ထိန်းထားမှာပဲ။ မင်းတို့တွေ့ကြတဲ့အခါ လောင်ဝေါ် (မရူ) နဲ့ဗမာဆိုတာ သိပ်မကွာခြားပါကလားလို့ သိလာကြပြီး အချင်းချင်းအပြန်အလှန် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နဲ့နေရစ်ကြပေတော့”

အဖိုးခရဲနောင်ပြောတာတွေဟာ မှန်လာတာပါပဲ။ ဧရာဝတီမြစ်ကြီးရဲ့အစနဲ့ဟိုး အလယ်အဆုံးက လူသားမျိုးနွယ်တွေဟာ သွေးချင်းညီအစ်ကိုတွေ ဖြစ်မှန်းသိလာခဲ့ကြပါသတဲ့။ လောင်ဝေါ်(မရူ) လူမျိုးတွေဟာ ဗမာနဲ့ ခွဲမရအောင်တူနေကြသလို ဝတ်စားဆင်ယင်ပုံမလေ့ကလည်း ခွတ်စွပ်နီးပါးတူလိုက်တာတဲ့။ ယှဉ်များထားလိုက်ရင် တကယ့်အညာသား အညာသူကြီးတွေ အတိုင်းပဲတဲ့။ အဲပြောတဲ့စကားကကော။ ဒေသသံမသိမသာကွဲပေမယ့် အခြေခံဘာသာစကား က အတူတူပဲတဲ့။ ဟောဒီမှာ ကြည့်ပါဦး။

မြန်မာ	လောင်ဝေါ်(မရူး)	ဂျိန်းဖော
ယောကျ်း	ယောက်ကိုင်း	လာ
မိန်းမ	မီယဲ	နွမ့်
မိခင်၊ အမေ၊ အမိ	မြီး	ဂခု
ဖခင်၊ အဖေ၊	ဖော	ဂဝါ
သား	သား	နွမ်
သမီး	စာမီး	နွမ်ရှား
ခြေ (ထောက်)	ခြစ်	လဂေါ
လက်	လော့	လတ
နားရွက်	နာခက်	နာ
အနီ (ရောင်)	အနဲ	အခင်
အဖြူ	အဖြူ	အဖရောင်
မျောက်	မျောက်	အဝယ်
မြင်း	မြော	ဂွမ်းမရား
ဝါး	ဝေါ	ကဝါ
မြား (လေးနဲ့မြား)	မြော	ပလာ

ဒီကနေ့ ကချင်ပြည်နယ် တောင်မြင့်တောင်တန်းတွေပေါ်က ညီလေးခရဲနောင်ရဲ့ သားမြေးမြစ်တွေဖြစ်တဲ့ လောင်ဝေါ်(မရူ) လူမျိုးတွေနဲ့အစ်ကိုကြီးခရဲဂမ်းသားမြေးမြစ် (ဗမာ) လူမျိုးတွေဟာ တစ်အူထုံဆင်းသားချင်းဆွေမျိုးတွေ ဖြစ်တယ်ဆိုကို အင်မိုင်ခ (မေခ) မြစ်ကလေးနဲ့ ဧရာဝတီမြစ်ကြီးရယ် မိုးထိနှင်းဖုံးတောင်တန်းကြီးတွေက သက်သေပြုနေကြပါသတဲ့။


(ဝစပ်ခူး(ဝါ) ဝစွပ်လို့ခေါ်တဲ့ ငလောင်ဘွန်တောင်တန်းကြီးပေါ်က ရွာကလေးဟာ ဒီကနေ့ ဆွမ်ပရာဘွမ်မြို့ ဖြစ်နေပါပြီ။ ဒီလောင်ဝေါ် ရိုးရာပုံပြင် (သို့မဟုတ်) လောင်ဝေါ်သွေးချင်းပြောပြခဲ့တဲ့ ချစ်သူငယ်ချင်း လွမ်းခေါင် (လုမ်း(မ်)ခေါင်) ကိုကျေးဇူးစကား ဆိုပါရစေ။

ချစ်ချင်းအားဖြင့်
ခွန်းချိုသံသာ


ကောင်းမှု
ပေးသူ
ဘဝင်ကြီးမာန်ကြီးနဲ့ ဘုရင်ကြီးက...
အမတ်ကြီးတွေကို ခေါ်ပြီး...
ဘုရားတည်ဖို့ ကြေးစည်ကြီးတစ်လုံး
လုပ်ခိုင်းလိုက်ပါသတဲ့...
အမတ်ကြီးတွေက ဘုရင်ကြီးရဲ့ အမိန့်ကို
ခေါင်းငုံ့ခံယူပြီး...
ဘုရင်ကြီးရဲ့ အမိန့်ကို ဘယ်လိုမှ
ဆန့်ကျင်လို့ မရပါဘူး...
ဘုရင်ကြီးက ဗိုလ်ကြီးတွေကို
ခေါ်ပြီး... အားလုံး... လိုက်ခဲ့ကြပါတဲ့...
ဒါပေါ့...


ဘာင်း...
ငါ့သား...
ဟောက္ခကြီးကို...
ခြိုးခဲခဲ့...
ပဒ္ဓိုး...
သူက ဂျပ်ခြောင့်ခြင်းမှတ်ကို...ဒီသူကိုရှာတာနဲ့...
တင်ထား သူ့တာဝန်ပဲပေါ့...
ကားကွာ...
ကိုက်ခဲ့...
ကိုက်ခဲ့...
ဖြန်း...
ဟဲ့သား...
ဖေဖေယူ..
ဒင်္ဂ..အကိုကြီး...
ရှင်..တာဝန်ကျီးပါ...
သားအလတ်က...
"ဟုတ်ဟ"..နားခွင့်ရှင်.
ကိုကြီးခမ်းအင်...
ခြေထိုင်တာတော်.
သူ့ပေါ့...ကြည့်ပေး..
ဝန်ခြမ်း...
ခြိုး..အဖ..
ခြိုး...
ခွေးတွေ..
ခြိုးပေးနှိုင်..
ငါ့..ခြေသည်
တာဝန်..ကျီး
ရေးတာမ..
အဖ..ဂုယ..
ရှင်..အကိုပေါ်ကို...
အိမ်ပြောင်းချေး..
ပေးမှုးပို့...
အသစ်..ဂေါ်ပြီး
တာ..အဖ..ရှင်..
အားင်း...



အာ..ဟာ..
ဒါဆိုသက်..စားကို
မကုန်ဘူး..ငွေ
ပန္ဓိသုံးဝတ္တု..ကျိ
ဝန်ပေးပါပဲ...
ငါ့သားဖေ...
အေးစုံး..သားဝတ္ထုးကစပြီး..
ဖောင်သူတာ ကိုးခေါ်သပဲ့..
အင်း..
အကိစ္စ..
စာမျှာကျိသပဲ့..
ကြိုးစားပဲ့...
ဒို့..စာဖေဖေတို့..ကို..
အားပန်း..ခံပြီး..
ဖေ့ဘေးနဲ့စာ..
ကိုင်ပေးကိုပါဘူး...
သားဖေ့...
ငွေပေါ်ပန္ဓိသုံး..ဆိုတာ..
ဟုတ်ကဲ့ပါလို့..
အဆိုးမခေါ့..
ဟုတ်ကဲ့..
ဖေ့ဖေ့ကိုယ်..
ကိုင်ပါတယ်..
အာ...
ဒါကြောင့်ပဲ..
ဟုတ်မှတ်ပဲ့..ကျေးဇူး..
အဆိုးအကိုင်း...သားကို...
ဟုတ်ဝတ္တု..ဆောင်းပုံးခွင့်
ပြုပါ..အာ...
အဟိုကြွေး..
ကျန်းမာရေး..ဝတ္ထု
ပေးထိုက်ပေစေ့..
ငါ့သား...
ဟာဝတ်ပြီးပါဘူး..
သား...
ဂရုစိုက်ပြီး..
ဖေ့ပါစေ..
အာ..


ငါ့..မချိတဲ့..
ပြဿနာပိုင်း..ငါတတ်
..ခဲ့ရမယ်..ဥစ္စာပစ္စည်း
တွေကို..ထိမ်းသိမ်းနိုင်မယ်..
အင်း...ချောကလေးကတော့..
သိပ်..စိတ်မချရဘူး
ပြဿနာ..
သား..ဆိုပို့...
အငယ်ဆုံး...
ရောင်းချတာ..ပဲ..
စိတ်ပိုင်းကျတယ်..
ဘာ....
အင်း..
ဘယ်လောက်..
သူက..အငယ်ဆုံး
ပြောင်ပေတာ..
ချစ်တယ်..
ဟင်း...
ဒီနှစ်ဆိုတော့ကော..
+-×÷ စတာတွေ...
ဟာ...
သိပ်ခက်ပဲ
ဒီသားပါလောက်
ဘယ်..
ကျယ်..ဘယ်ဒီကပဲကျကျ..ပါ့..
ရောင်းရင်းရေး..
ဒီနှစ်


ဂေါ်...
အင်းကြီးကြီးပဲ...
ဓာတ်...ဝယ်ပြီးတာနဲ့...
ချီကြိုးကွယ်...
ဒိုင်းကြ...ဒိုင်းကြ...
ဟင်...
အဖေ...
သားတို့ကို...
ဖေါ်ထားမယ်အိုကို...
ဟင်...
အဖေ..အရင်ပြောမှာပေါ့...
ဓာတ်ဝတ္ထုကို...ဝယ်ဝယ်ချက်ချက်...
နားမထောင်ပြီး...
အဖေကို...
အကောင်းဆုံး...
အကြံဉာဏ်တွေ...
ပေးတော့ချင်တယ်...
ဖောင်းပါပြီ...
အဖေ...
ဘာကိစ္စလဲတော့...
ဒါတွေတွေ့ပြီး...အဖေရဲ့...
ဒိုင်ဗျာဂေါ-အဖေရဲ့...
မိတ်ဆွေ...ဦးသိန်းဟာ
အိုင်ဆစ်ပေးတဲ့
ပါဝါကွာ...
ဟင်...
ဒီလောက်ထိလား...
ဦးသိန်းဟာ...
ဒီလောက်ထိ...
ဟင်...
ဟင်...


သားတော်ကိုယ်.. မင်းဖွေး ဆင်ကဒါသည်းက
အဖကို.. ခြိုးခြေပစ်သွားတယ်ကို.. ..
ဖောင်းကျောင်းဖို့.. အပယ်ထား
ခဲ့တာ..
ဟာ..ဒါ... ကိုင်း..ဒ..မင်းတို့ရှင်ဘုရင်..
အဖ...
ဦးကွတော်... ကျောက်ပြီ..
အရှင်.. သူ့ကိုသားဆိုခဲ့.. ခြိုးခြေ.. အပြီးလာတဲ့နေ့
ကြတော့ခေတယ်ဝဲ့.. ဘယ်ရောဒဲ့.. ငယ်ငယ်ကို..
ခေါင်..ကွာ...
ခြေအင်းခြာ.. ငါ့ကိုက.. ဘ..ငယ်ခြာ..
ငါတော်ဟုတ်ပါနဲ့..
ခြိုးခြေလောက်ကသည်.. ခြိုတ်..မင်းခြိုးကြပါနဲ့..
အဖရေယ်.. သားတော်ကိုလို့..
ခြိုးပါတယ်..
ကွန်ခြတော်..
အားလုံးကို.. ခြားရဖွေ..
ကျေးဇူးတင်ပါ..
ကိုင်း... ..
ဟုတ်ပါ..
ယုယ ငါ့ကို..
ဝင်ခြသောကိုး..
ရင်ခွင်ဖွေးမြိုးမရောင်..
လောက်ဖွေး မြိုးမရောင်..
ဖေးဟာခဲ့တာ..
ဟင်း... ..
ဒါဆိုလျှင်..


ရေပါတာမယ်ကွာ..
ငါသားက..အာဏာ
တစ်ခြင်နဲ့ကိုင်..
ကယ်ခြင်နဲ့ရတာ..
ပိုညောင်းတာပေါ့..
အေး..
ညောင်းရင်..
တံတောင်နှိုက်..
ထောင်းလေးအေ့..
ငါသားက..အာဏာ
တစ်ခြင်နဲ့ကိုင်..
ကယ်ခြင်နဲ့ရတာ..
ပိုညောင်းတာပေါ့..
ကျွ..ကျွန်တော်က..
အာဏာမှ..
ဘယ်တုန်းကမှ..အာဏာ
မရောင်ပဲ..
အေး..ဟုတ်..
အေး..
ကိုကြီးနဲ့..
ကစားပေး..
ငါသားက..အာဏာ
တစ်ခြင်နဲ့ကိုင်..
ကယ်ခြင်နဲ့ရတာ..
ပိုညောင်းတာပေါ့..
ဟေး..
ဘယ်သူ့ကိုမှ..
မသုံးဘူး..
ကိုယ့်ဘာသာ..
ကိုယ်ကိုင်ပေးမယ်..
ဟေ့ကွာ..
ဒီငါးတို့ကလည်း..
ကိုယ့်ဘာသာ..
ကိုယ်ကိုင်ပေးမယ်..
ကိုင်ပေါ့ကွာ..
ကိုင်ပေါ့ကွာ..
ဘာလျှောက်ပေါ့ဗို့..
ဒီငါးတွေက..ပိုက်ဆံတွေကို..
အသည်းနှလုံးမပါဘူး..



ကျုပ်တို့.. အစေးခိုပါပြီး..
ချစ်ချစ်သာသာနဲ့..
ပြောနိုင်.. စားနိုင်စေမယ့်..
အောင်မြတ်ပါ.. ..
အခြားကြိုးတို့.. ဝင်ပါခဲ့
အသုံးကျကုန်ပြီ.. ပေါက်
ပါကဲ့.. အခြားကြိုးတို့ကို..
အခွံပဲကား.. ..
အောင်မြတ်.. ကြိုးကြိုးကယ်ကယ်..
ဒါဆို.. ငါ့ကား ဘာအစားမှ
ဝင်စားပြောပါဘူး..
ပြောပါဦး..
နင်းတင်း.. ပညာရှိ..
အကူးအပြောင်းမှာ..
ကျွတ်အောင် မောင်းခြင်းခဲ့ပါကလို့
သုံးဂေါက်အတွင်း..
ကျွန်တော်ကတော့..
ကြိုးဆိုပဲနဲ့..
ကျွန်တော်တို့..
ပါဘဝအကြွေ..
ဟာကြိုးတို့..
အိုး.. ဟား.. ဟား..
ဂေါက်.. သား..
ဟား.. ဟား.. ဟား..
ဂျာ.. ဂျာကယ်ကား..
ကိစ္စပေး..
ဝမ်း.. ဝမ်း..


ဦးငယ်.. ဟို.. ဟိုဟေ..
အစ်ကိုကြီးတို့.. ရောဂါများ..
အိမ်များစီးရင်.. ဝမ်းဗိုက်ဆာနဲ့ဝန်ပါ..
အစ်ကိုကြီးတော်လည်း..
ဦးငယ်ပေးကို..
ငေးကြီးပန်ပါတယ်ကွာ..
အစ်ကိုကြီးတို့..
ငါကဖေကြီးပန်ရမှာက..
ကျန်တော်တို့ အားကိုးရဲ့..
အဟေ ကိုဖေကြီးပန်ရမှာ..
ဟုတ်တာပေါ့ကွ..
ဦးငယ်ပြောတာ..
ဟုတ်တာပေါ့..
ကိုင်း.. အခု.. ကိုယ့်အရည်အချင်း.. ကိုယ်သိကြပြီ
..ကို.. ငါတော်တယ်..
ဘယ်နှယ်လဲ...
သို့.. သိပါပြီ...
အေး.. အင်းပါ..
ပစ်မှားခဲ့တာများ..ခွင့်လွှတ်ပါ..
ခွင့်လွှတ်..
ဟင်းဟင်း..
ဟိတယ်ကွာ


ဒီလောက်တောင်တာ..ငါ့သားကြီးနဲ့ဆိုရင်ဖယောင်းတိုက်
စည်းစိမ်ပေါကုန်ပါပြီ..
ဝါသနာကတော့..အကဲခတ်တာပေါ့..
ဒေါ်..
သိပြီသိပြီဗျာတာ့..
ဟသိတာ..ကျန်တဲ့
ဒီသူးတာပေါ့..
ဘုရားရေ..
ကယ်ပါးပါ
အာ..
ဒီလောက်ဆိုရင်တော့..ဖယောင်းတုံးကြီးကို..
ကိုကြည့်ပြီး..အားလုံးဆီကို..
ဒီလိုပဲ..
ဒီလောက်ဆိုရင်တော့..ပညာကိုကြိုးစားပြီး..
ဆီတွေးခဲ့ရင်..
တော်ပါကွာ..
ဟား..ဟား..ဟား..
အဲဒါကိုကြီးတိုက်ပြီ..
ကိုယ့်အတွေးနဲ့..ဆန်းသစ်..
ညာခဲ့တာပဲဗျာ..
ဒါ..ဒါဆို..
အဲဒီလိုဆိုရင်တော့..
အားလုံးဒီဘုန်းကြီးဆီ
ဆိုင်တော်ကား..ငါတို့ရဲ့..
စံအိမ်ကြီးဆီ..
ပြန်သွားကြပါစို့..
ဘုရားရေ..ဒီလူ..

အာဇာနည်စိတ်ဓာတ်

လင်းသက်ခိုင်



ဟိုးရှေးရှေးတုန်က မြဟ္မဒတ်မင်းကြီး အုပ်စိုးတဲ့ တိုင်းပြည်ကြီးတစ်ပြည်ရှိသတဲ့ကွယ်။ အဲဒီတိုင်းပြည်ကြီးရဲ့ဘုန်းတစ်ခိုး အာဏာစက်ဟာ အနီးပတ်ဝန်းကျင်မှာရှိတဲ့ အတိုင်းတိုင်းအပြည်ပြည်အထိတောင် သြဇာအာဏာဖြန့်ကျက်နိုင်သတဲ့ကွယ်။

အဲဒီတော့လည်း အတိုင်းတိုင်းအပြည်ပြည်မှာရှိတဲ့ ခုနစ်ပြည်ထောင်မင်းတို့ဟာ မြဟ္မဒတ်မင်း အုပ်ချုပ်တဲ့ စည်းစိမ်နဲ့တိုင်းပြည်ကို လိုချင်တပ်မက်တဲ့စိတ်နဲ့ သိမ်းပိုက်ချင်ကြတာပေါ့ကွယ်။ ဒါပေမဲ့ တိုင်းပြည်တစ်ပြည်နိုင်ငံတစ်နိုင်ငံကို သိမ်းပိုက်ဖို့ဆိုတာ လွယ်တဲ့အလုပ်မှ မဟုတ်တာ ဘာလို့လဲဆိုတော့ မြဟ္မဒတ်မင်းကြီးရဲ့ တိုင်းပြည်မှာက ဘုရင်ကိုယ်တိုင်အားကိုးရလောက်တဲ့ ထူးချွန်ထက်မြက်တဲ့အာဏာနည်စစ်သူရဲကောင်းတွေနဲ့ ဝန်းရံအုပ်ချုပ်ထားတာမို့ တော်ရုံတိုင်းပြည်ကလာပြီး စစ်မက်ပြုဖို့ဆိုတာမလွယ်ဘူးလေ။

ဒါပေမဲ့ ခုနစ်ပြည်ထောင်မင်းတွေကလည်း ဘယ်လွယ်လွယ်နဲ့တော့ လက်လျှော့လိမ့်မလဲကွယ်။ အခွင့်အခါကောင်းကို စောင့်ပြီးနေတာပေါ့။ ဒီလိုနဲ့ တစ်နေ့ အခွင့်အခါကောင်း ရောက်တဲ့အခါကျတော့ ခုနစ်ပြည်ထောင်မင်းတွေဟာ မြဟ္မဒတ်မင်းကြီးရဲ့ တိုင်းပြည်ကို အဘက်ဘက်ကဝိုင်းရံပြီး တောင်းဆိုသတဲ့ကွယ်။

“အသင်မြဟ္မဒတ်မင်းတိုင်းပြည်ကိုအပ်မည်လော၊ စစ်မက်ကို ပြုမည်လော၊ သင်ကြိုက်ရာတစ်ခုခုကို ရွေးချယ်ပေလော့ ”

ခုနစ်ပြည်ထောင်မင်းတို့ရဲ့စစ်ခင်းတဲ့ အသံကိုကြားရတာနဲ့မြဟ္မဒတ်မင်းကြီးဟာ တိုင်းပြည်တစ်ဝန်းလုံး စစ်ရေးအတွက် အသင့်ငြိဆင်စေသတဲ့ကွယ်။ ပြီးတော့ မှူးမတ်ဗိုလ်ပါတို့ကို ဆင့်ခေါ်ပြီးနောက်သူ့တိုင်းပြည်တွင်းမှာရှိတဲ့ အာဏာနည်စစ်သူရဲကောင်းကြီးကိုလည်း သူ့ရှေ့တော်မှောက် အမြန်လာရောက်ခစားဖို့ မိန့်တာပေါ့ကွယ်။

ဒီအခါမှာ ဘုရင်ကြီးအားကိုးတဲ့ အာဏာနည် စစ်သူရဲကောင်းကြီးဟာ ဘုရင့်ရှေ့မှောက်ချက်ခြင်း လာရောက်ခစားသတဲ့။ ဘုရင်ကြီးဟာ အာဏာနည်စစ်သူရဲကောင်းကြီးကို ကြည့်ပြီးပြောသတဲ့။

“ ကိုင်း အမောင်စစ်သူရဲကောင်းကြီး ကျုပ်တိုင်းပြည်ကိုတော့ ခုနစ်ပြည်ထောင်မင်းတို့စစ်မက်ပြုဖို့ဝိုင်းရံနေပြီ ဒီတော့ ကျုပ်တို့တိုင်းပြည်ကို အန်တု ရန်ပြုလာတဲ့ ခုနစ်ပြည်ထောင်မင်း ခုနစ်ယောက်ကိုအရှင်လတ်လတ်ဖမ်းပြီး ငါကိုယ်တော်မြတ်ရှေ့မှောက်အမြန်ဆုံး အရောက်ဆက်သစေဗျား ”

ထိုအခါမှာ အာဏာနည်စစ်သူရဲကောင်းကြီးကလည်း ဘုရင်ကို ပြန်လျှောက်တင်သတဲ့။

“ မှန်လှပါ ဘုရင်မင်းမြတ်၊ အရှင်စေခိုင်းသောအမှုအား ကျွန်ုပ်ဆောင်ရွက်ပါမည်။ သို့သော် ထိုစစ်ပွဲမှာ ကျွန်ုပ်ကဲ့သို့ အာဏာနည်တစ်ဦးနောက်ထပ်ပါမှ ဖြစ်မည်မို့ သူ့အားခေါ်ဆောင်ခွင့်ပြုတော်မူပါ အရှင်မင်းမြတ် ”

သည်အခါမှာ ဘုရင်ကြီးဟာ အံ့သြစွာနှင့်။

“ အလို မောင်မင်းပြောတာ အံ့စရာပါလား။ ကျုပ်အုပ်ချုပ်တဲ့တိုင်းပြည်မှာ အသင့်အပြင်အခြား အာဏာနည်တစ်ဦးရှိလေသေးသလား မောင်မင်းရဲ့ ”

“ ရှိပါတယ် ဘုရင်မင်းမြတ်။ ဒါပေမဲ့ အဲဒီအာဏာနည်ဟာ ကျွပ်နှပ်တို့လို လူသားမဟုတ်တဲ့ အာဏာနည်လေ အရှင်မင်းမြတ် ” လို့လည်း စစ်သူကြီးကဆိုလိုက်တဲ့အခါ ဘုရင်ကြီး သတိရသွားပြီးတော့ . . . ။

“ ဟုတ်ပါ့၊ ဟုတ်ပါ့ မောင်မင်းရယ်။ ကျုပ်လည်းစစ်မက်အရေးတွေမှာ အာရုံများပြီး စိတ်ရှုပ်သွားတာမို့



သင်းကို မေ့နေရစ်တယ်ကွယ်။ ဟုတ်ပါပြီ အသင်ပြောတဲ့ အသင့်မိတ်ဆွေ အာဇာနည်မြင်းသူရဲကောင်းကို ချပ်ဝတ်တန်ဆာ စစ်အင်္ကျီတို့နှင့် ပြည့်စုံအောင် ဆင်မြန်းပြီး တိုက်ပွဲရှိရာသို့ ဆောင်ယူစေဗျာ " လို့ ဘုရင်ဟာ အမိန့်တော်ချမှတ်သတဲ့ကွယ်။

ဒါနဲ့အာဇာနည်စစ်သူရဲကောင်းကြီးဟာ တိုက်ပွဲတိုင်းမှာ သူနှင့်အတူလိုက်ပါပြီး ရန်သူတွေကို အမြစ်ပြက်ချေမှုန်းသုတ်သင်တဲ့ အာဇာနည်မြင်းကြီးရှိရာ အမြန်ဆုံးရောက်လာပြီး မြင်းကြီးကို ချပ်ဝတ်တန်ဆာတွေ ဆင်မြန်းစေသတဲ့ကွယ်။

" ကိုင်း . . ကျွန်ုပ်၏မိတ်ဆွေ အာဇာနည်မြင်းကြီး၊ သင်နှင့် အတူကျွန်ုပ်တို့ ယခုပင်ဘုရင့်အမိန့်တော် အတိုင်း ခုနစ်ပြည်ထောင်မင်းတို့၏ စစ်တလင်းသို့ ထွက်ရပေတော့မည် "

ထိုအခါ ချပ်ဝတ်တန်ဆာ အပြည့်ဝတ်ဆင်ထားတဲ့ အာဇာနည်စစ်မြင်းကြီးကလည်း စစ်သူရဲကောင်းကို ကြည့်ပြီး ခေါင်းတခါခါ၊ နှာတမှုတ်မှုတ်၊ ခွာတွေတပြင်ပြင်နဲ့ အားရပါရ ဟီပြလိုက်သတဲ့။

မကြာခင်မှာပဲ စစ်သည်ရဲမက်ဗိုလ်ပါတို့ဟာ မြို့ရိုးတံခါးနားမှာ အဆင်သင့် ဝန်းရံစောင့်ကြပ်ပြီးတဲ့နောက်မှာတော့ စစ်ခရာသံကိုမှုတ်စေကာ မြို့တံခါးကို ဖြုန်းခနဲဖွင့်ချလိုက်သတဲ့။ မြို့တံခါးကြီး ပွင့်လာတာနဲ့ ခုနစ်ပြည်ထောင်မင်းတို့ဟာ ရန်သူကို စစ်မက်ပြန်ပြုဖို့အသင့်ပြင်နေတုန်းမှာပဲ လေ၏အလျင်ကဲ့သို့ မြန်ခြင်းဖြင့် ဒုန်းလာသော အာဇာနည်စစ်သူရဲကောင်းကြီးရဲ့ လျပ်တစ်ပြက် စီးနင်းတိုက်ခိုက်မှုအောက်မှာ ရုတ်တရက်အားလုံးအတုံးရုံးကျဆုံးကုန်တာပေါ့ကွယ်။

အာဇာနည် စစ်သူရဲကောင်းကြီးနဲ့ အာဇာနည်မြင်းစစ်သည်တို့ရဲ့ အံ့မခန်းလောက်တဲ့ စစ်ဆင်မှုကြောင့် ရုတ်တရက်အငိုက်မိသွားတဲ့ ရန်သူခုနစ်ပြည်ထောင်စစ်တပ်ဟာ ခဏအကြာမှာတော့ သတိပြန်ဝင်လာပြီး မြားမိုးတွေတရစပ် ပစ်ခိုင်းသတဲ့ကွယ်။ ဒီအခါမှာတော့ မြားတစ်စင်းဟာ အာဇာနည်မြင်းရဲ့ အရှေ့ဝဲဘက်ရင်အုံနားကို စိုက်ဝင်သွားသတဲ့ကွယ်။ ဒါပေမဲ့ ဒီအချိန်တိုအတွင်းမှာပဲ ခုနစ်ပြည်ထောင်မင်းတို့

အနက် ခြောက်ပြည်ထောင်မင်းတို့ကို လက်ရဖမ်းစီးမိပြီး သွားသတဲ့ကွယ်။

စစ်သူကြီးဟာ စစ်မြေပြင်ရဲ့ တစ်နေရာမှာ မြင်းကို ခဏရပ်လိုက်ပြီး အနားပေးလိုက်တာပေါ့။ မြင်းကြီးဟာ မြားဒဏ်နဲ့ သွေးတွေ ချင်းချင်းနီရဲပြီး နှုံးချည့်ခွေယိုင်လောက်အောင် အားအင်တွေကုန်ခမ်းနေတာကို စစ်သူကြီးက သတိထားမိလိုက်တာမို့ စစ်မြင်းကြီးရဲ့နားကို ကပ်လာပြီး ချပ်ဝပ်တန်ဆာတွေကို ဖြုတ်ပေးဖို့ လက်အလှမ်းမှာ မြင်းကြီးက သူ့ရဲ့စစ်သူကြီးကို စကားပြောသတဲ့။

" အို စစ်သူကြီး အသင်ဟာ ရဲဘော်ရဲဘက်ဖြစ်တဲ့ ကျွန်ုပ်ကို အထင်အမြင်သေးတဲ့အနေနဲ့ ချပ်ဝတ်တန်ဆာတွေကို ဖယ်ရှားဖို့လုပ်သလား "

" မဟုတ်ပါဘူး အသင်မြင်းကြီး သင်ဒဏ်ရာ ပြင်းထန်းတဲ့အတွက် သက်သာစွာနားရအောင် ကျုပ်ကြံဆောင်ပေးမလို့ပါ "

" ကျွန်ုပ်ကိုယ်မှာ ဝတ်ဆင်ထားသော စစ်ချပ်ဝတ်တန်ဆာအားမဖြုတ်ပါနှင့် တိုက်ပွဲမှ အဆုံးမသတ်သေးတာ၊ တိုက်ပွဲအဆုံးရောက်အောင် ကျွန်ုပ်တိုက်ရပါဦးမည်လေ "

" အို အဆွေမြင်း ဖြစ်ပါ့မလား နားမှဖြစ်မည်ထင်ပါတယ် "

" ဖြစ်ပါတယ် စစ်သူကြီး ကျွန်ုပ်ကိုသာ အသင်

တွဲထူပေးပါဦးလေ" ဟုမြင်းစစ်သည်ကြီးက ပြောကြားတဲ့အခါ စစ်သူကြီးဟာ ချက်ခြင်းပဲ သွေးသံရဲရဲနှင့် ဒဏ်ရာရနေသော မြင်းကြီးကို ဆွဲထူပေးလိုက်တာပေါ့။ ဒီအခါမှာ အာဇာနည် မြင်းကြီးဟာ မြေပြင်မှာ မတ်မတ်ရပ်ပြီး အနည်းငယ် အသက်ကိုဝအောင် ရှူပြီးတဲ့အခါမှာတော့ ကွင်းပြင်ကို မှန်မှန်လေး လျှောက်ကြည့်လိုက်သတဲ့။ ပြီးတော့မှ စစ်သူကြီးကို ကြည့်ပြီး

"ကိုင်း စစ်သူကြီး ကျွန်ုပ်ကျောကုန်းပေါ်သို့ တက်ပါလော့၊ တိုက်ပွဲဝင်ရန် အသင့်ဖြစ်ပါပြီ"

စစ်သူကြီးလည်း အာဇာနည်မြင်းကြီးကို စီးပြီးစစ်ပွဲကို ဆက်ပြီးဆင်နွှဲဖို့အတွက် ရန်သူရှိရာ အတင်းဒုန်းဆိုင်း ပြေးဝင်ပြီး လွတ်သွားတဲ့ နောက်ဆုံးခုနစ်ပြည်ထောင်မင်းကို မရရအောင်ဖမ်းဖို့ ရန်သူတွေကို အာဇာနည်မြင်းကြီးနဲ့ အတူ သက်စွန့်ဆံဖျားလိုက်လံတိုက်ခိုက်တာပေါ့ကွယ်။ ဒီအခါမှာ ရန်သူတွေလည်း အတုံးအရုံးကျဆုံးပြီး ခုနစ်ပြည်ထောင်မင်းကို အရှင်လတ်လတ် လက်ရ ဖမ်းဆီးမိသတဲ့။ နောက်ဆုံးရန်သူမင်းကို ဖမ်း ပြီးတဲ့အခါမှာတော့အာဇာနည်မြင်းကြီးဟာ စိတ်လျှော့လိုက်တဲ့အတွက် သူရပ်နေတဲ့ နေရမှာပဲ ပျော့ခွေပြီး လဲကျသွားတော့တယ်။

စစ်ပွဲကို အနိုင်ကပ်ကြည့်ရှုနေတဲ့ ဗြဟ္မဒတ်မင်းကြီးဟာအာဇာနည်မြင်းကြီးလဲကျသွားရာ နေရာအနားကို ဖြည်းဖြည်းချင်းလျှောက်လာပြီး စိတ်မချမ်းမြေ့စွာနဲ့ ကြည့်သတဲ့ကွယ်။

သွေးသံရဲရဲနဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာသွေးချင်းချင်း နီနေတဲ့ အာဇာနည်မြင်းကြီးဟာ မျက်လုံးစုံမှိတ်ပြီး မှိန်းနေရာမှ မျက်လုံးကို အသာအယာဖွင့်ပြီးကြည့်လိုက်သတဲ့ကွယ်။ သူရဲ့ကျန်ရှိနေတဲ့အသက်တစ်ဝက်အကြားကနေ ကြည့်လိုက်တဲ့သူ မျက်လုံးထဲမှာတော့ဗြဟ္မဒတ်မင်းကြီးရဲ့ပုံရိပ်ဟာ မဝိုးဝါးဖြစ်နေသတဲ့ကွယ်။ အဲဒီလိုသေဆုံးခါနီး အာဇာနည်မြင်းကြီးကို ကြည့်ပြီး စိတ်မသက်မသာ ဖြစ်နေတဲ့ ဗြဟ္မဒတ်ဘုရင်ကြီးဟာ မြင်းကြီးကို အနားကပ်ပြီး လည်ဆံမွေးတွေ သပ်ပေးရင်းမှ ပြောသတဲ့။

"အို အသင်မြင်းကြီး အသင်ဟာ နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်သွားနိုင်တဲ့ အာဇာနည်သူရဲကောင်းမျိုးပီသပါပေတယ်။ အသက်မဆုံးမီ သင်နောက်ဆုံးတောင်းလိုသောဆုကို ကျွန်ုပ်ဆီကတောင်းပါလေလော့။ ကျွန်ုပ်သင့်အတွက် လုပ်ပေးပါမယ်"

သည်အခါမှ အသက်ငွေ့ငွေ့သာ ကျန်တော့တဲ့ အာဇာနည်မြင်းကြီးဟာ မျက်လုံးမှေးမှေးထဲက မဝိုးဝါးမြင်နေရတဲ့ ဘုရင်ကြီးရဲ့ပုံရိပ်ကိုကြည့်ရင်း သူလိုချင်သော ဆုကို တောင်းလိုက်သတဲ့ကွယ်။ အာဇာနည်မြင်းကြီးတောင်းလိုက်တဲ့ဆုကတော့ . . . ။


"အို အသင်မင်းကြီး ကျွန်ုပ်သင့်ထံမှ အလိုချင်ဆုံးဆုတစ်ခုတောင်းပါရစေ၊ သည်ဆုကတော့ ယခု အရှင့်မင်းကြီးလက်ဝယ် အရှင်လတ်လတ် ဖမ်းဆီးမိထားသော ရန်သူခုနစ်ပြည်ထောင်မင်းတို့၏ အသက်ကို မသတ်ဘဲ ခွင့်လွှတ်ပေးရန် တောင်းဆိုပါတယ်" လို့ ပြောအပြီးမှာတော့ အာဇာနည်မြင်းဟာ အသက်သေဆုံးသွားသတဲ့ကွယ်။


လင်းသက်ခိုင်



ဆရာဝန်ကြီးမောင်/ဖုန်း 13/1
CARTOONIST.


ခွေးကောင်မမ





ဟိုး ဖျော်ဖြော် ဝဲနှင်းက..
ကြက်ကလေး ပိစိ ပဟာ
တောအုပ် တစ်ခုထဲမှာ
လမ်း လျှောက်လာတယ်..
ကြိုးကြိုးလား..
သေးသေးလား..
ကြိုးကြိုးသေးသေးလား
အဲ့..အဲ့..အာ..
ဒီအချိန်မှာ.. သူ့ခေါင်းပေါ်ကို
တက်သစ်ချုံးဖိုး တစ်လုံး
ကြွေကျလာတယ်..
ဂျိန်း!
အူး!!!
ဟာ မိုးပြိုတော့မယ်
ဆိုတဲ့ အတိုင်း နေမိတ်ပဲ
ဖြစ်မယ်...
ဒီပုံဆို မကြွစ်ဘူး.. တောနေ
သတ္တဝါတွေ သေးလွတ်ရော ပူနှံးခို
နှိုင်အောင် တောဘုရင် ခြင်္သေ့
မင်း ဆီ သွားကြောမှပဲ..



ဒီအကြောင်းမှာပေါ့.. ပိုစီပေါ့.. ကြောက်စရာလေး ပင်နီနဲ့ လမ်းမှာတွေ့တယ်...
ဘယ်သွားမလို့လဲ ပိုစီ...
ကမ္ဘာကြီးရဲ့ အရှိုးပြိုတော့ မှာမို့ တောအုပ်ကြီးကို သွားပြောမလို့..
ဒါဆို ငါပါ လိုက် ခဲ့မယ် ပိုစီ....
အေး...ဒါဆို သွားကြစို့...
ဒီလိုနဲ့.. ပိုစီနဲ့ ပင်နီပါ.. တောအုပ်ကြီးဆီကို အတူ သွားကြတာပေါ့..
လမ်းခုလပ် မှာပေါ့.. ကြောက်ဖွယ်ကြီး ကောင်ကို နဲ့ ဆုံကြုံတယ်...
ဟေး! ပိုစီနဲ့ ပင်နီ ဒါ.. ဘယ်လဲကွ...



ကဗျာကြီးရေ့ အဖိုး ငြိုတောက်မှောက်ကို တောဘုရင်ကြီးဆီ သွားပြောမလို့ ကဗျာကြီး ကောက်ကို !!!
ကဗျာကြီးပါ လိုက်ခဲ့လေ..
အောက္ခ.. ဒီကိစ္စ အားလုံးအတွက် အဆုံးကြီးလို့ ကဗျာကြီးပါ လိုက်ခဲ့မယ်.. သွားစို့!!!
သူတို့ သုံးကောင် အပြေးကလေး ထွက်လာနေတုံး..လမ်းမှာ ဘဲကြီး ဒတ်ကို နဲ့ ဆုံပြန်တယ်..
မင်းတို့ သုံးကောင် ဘယ်သွား မလို့လဲ ကောက်ကို
ဖိုးငြိုတောက်ယဲ့ ဒက်ကို.. တောဘုရင် ခြင်္သေ့မင်း ဆီ သွားပြောမလို့ မင်းရော လိုက်ခဲ့လေ!!!



ဝေ ဟူတ်လား ကောက်ကို.. ဒါ..အရေး ကြီးတဲ့ ကိစ္စပဲ ငါပါလိုက်ခဲ့မယ်ကွာ...
အိုကေ...
ဒါနဲ့ ဘကြီး အာဂတို ဟာ.. ပိစ္စီ.. ပင်နဲ့ ကောက်ကို တို့နဲ့ လိုက်ခဲ့တာ..လမ်းမှာ ဘင်ဂန်းကြီး ဂျစ်နဲ့ ထပ်ဆုံပြန်တယ် ...
မင်းတို့ လေးကောင် ဘယ်သွား ကြမလို့လဲ.. အလှူ့ဂုဏ်တဲ့ အရောမှာ ငါးကြီး ပျင်းမလို့လား.. ဟိ...
ဗျိုး ပြီးတော့ဖယ်.. ဂျိုဂျစ်.. အဲဒါ ကောဘွဲ့ငှက်ကြီး ဆီ သတင်း သွား ပို့ မလို့ ဗျ...
ဟ အိုပို့ ပြောတော့မှာလား ဒါဆို ငါပါလိုက်ခဲ့မယ်.. ပြန်ပြန် သွားကြစို့...


ဒါနဲ့ ဘာဝန်းကြီး ဂျုံစိမ်းသည်း
အဝဂူလိုက်ခဲ့ပြန်သတဲ့...
ဖကြောခင်ဗျာပေါ့.. လမ်းဗျာကြောက်ဆင်ကြီး
ဘာကို ခဲ့ ဆဲပြန်ရော.....
ဟ ဒါဘယ်ကို
သွားကြမှာလဲ.. ဂျုံစိမ်း..
ဟိုး.. ဖကြောခင်ဗျာ ပြုတော့မှာပဲ..
အဲဒါ.. တောအူရင်ကြီး ခစီသွား
ပြောကြမှာ.. ခင်ဗျား ပါ
လိုက်ခဲ့ဗျာ...
!
ဒါနဲ့ ကြောက်ဆင်ကြီး ဘာကို ဟာ..
ပိစိ.. ပင်နီ.. ကောက်၊ ဒက်ကို၊ ဂျုံစိ
ဝဋ်နဲ့ အဝဂူ ခေါ်းဆက်ခဲ့တယ်...



ဒီလိုနဲ့လာရင်း.. သူတို့ခြောက်ကောင်ဟာ
လမ်းခဲ့တစ်ခုမှာ.. ဝံပြိုခွေးကြီး
ဖော့ခစ်နဲ့ ဆုံမြဲနဲ့တယ်...
ဖော့ခစ်ကြီး သူတော်ပျက်နဲ့ ခင်ဗျားတို့
ဘယ်သွားကြမလို့လဲ..
တာက်...
မကြာခင် မိုးပြိုတော့မယ်လေကွာ..
အဲဒါ တောဘုရင် ကြွသေ့မင်း သိမ်အောင်
သွားပြောကြမလို့ ဖော့ခစ်...


ဒီကိစ္စ အဖြေနဲ့ပြောမှ ဖြစ်မှာဆို
ပြုလေ့မင်းဆီ ခုချက်ချင်း
ရောက်မှဖြစ်မယ်...
လမ်းဆုံ.လမ်းခွဆိုတော့..
ဘယ်လမ်းက သွားရေဖြန်းတောင်
မသိတော့ဘူး..
ဟော့ဆီ...
ကောင်းကျွတ်တဲ့ ဖြေခွေးဟာ..
အကြံနဲ့ပေါ့...
ဒါမျှားဖျာ.. ခက်တာလိုက်လို့
အဖြေဆုံးရောက်တဲ့ပြုတ်လမ်း
ဖွင့်တယ်.. ကျေးဇူးနောက်ကသာ
လိုက်ခဲ့ကြ...
ဒီလိုနဲ့ အားလုံးဟာ.. ဖြေခွေးဟူတဲ့..
ဟော့ဆီ ကို ဟဲကြွေသည်ပြုပြီး
လိုက်ခဲ့ကြသတဲ့...


ကောက်ကျစ် စဉ်းလဲတဲ့
ဖြေခွေး ဟော့ခမီ ဟာ
တောဘုရင် ခြင်္သေ့မင်းခမီ
ခေါ်ယသွားဘဲ... သူ့နေတဲ့..
ဖြေခွေးသိုက်ဂျီတဲ့ နေ့လောင်္ကို
ခေါ်လာခဲ့တယ်...
ဟား ဟား ဟား
ဟူတ်တယ်လေ
ဒါအာမှန်ပဲပေါ့..
ဟော့.. ဟော့ခမီ..
ဒါမင်းတို့ဖြေခွေးတွေနေတဲ့
နေရာပဲ... ဘာလုပ်တာလဲ...
အာမှန်တော့ ဖြေခွေးဟူတ် ဟော့ခမီ
ဟာ.. ဟိစိတို့ကို လှည့်ဖြားပြီး
အသည်းသွင်းကြီး သတ်ဖြတ်စားဖို့
ခေါ်လာတာပေါ့ ကွယ်...
မှားပြီ...
အဲဒီ ဖြေခွေးသိုက်မှာ.. သူ့ရန်းနဲ့
သားသမီး.. အဆွေအမျိုးတွေဟာ
ဟိစိတို့ကို မြင်ကြိုး ပေးခဲတာ
နေကြပြီလေ...
ဂိုး...
ဂါး...


ဒီလိုနဲ့ ခြွေခွေးတစ်သိုက်ဟာ
ပိစိတို့ ခြောက်ကောင်ကို ဟော်ဟော်
ပါးပါး ကိုက်ဖြတ် စားသောက်
ပစ်လိုက်ကြပါ တော့တဲ့...


ဒါကြောင့်.. တောခွေးရဲ့ ပြဿနာ
ကြီးလည်း.. ပိစိ ခွေးငယ်ပေါ်ကို
မုဒ်းပြုတဲ့ အကြောင်း ဘယ်တော့မှ
မသိနိုင်တော့ဘူး ပေါ့...



ကြွက်ကလေး ပိစိရဲ့ မခင်ဖခြင်..
စိတ်ဒုက္ခပန်မှုကြောင့် အခွင့်ကိုအား
ဒွန္ဒဖြေက် သေဆုံဝင်ကြရတာ
ဖြစ်တယ်.. ဝါဂနယ် ဖုံးကြွေခြင်းရင်
ပြေးကြောင်ပုန်းဖို့ အခွင့်မသာ
ဂျိုနိုင်မှာလဲ ဂျယ်...



ခေတ်သစ် ဟာသ ပုံပြင်များ


စာတ်ကြမ်း နှင့် သရုပ်ဖော်.. 2013.






ဟိုး...
ဟားဟား
ဟဲဟဲ..ခုမှပဲနေသာထိုင်
သာရှိသွားတယ်...
အား
သိုးကျောင်းသားဟာ
အစအနောက်အရေခြုံး
သန်တာမို့သူကြိုးက
ခကာခကာခေါ်ပြီးသတိ
ပေးရပါတယ်...
တော်ရော့...
ဝှိုး....
ဟင့်...
ဟိုး...


အလုံ့... ဒီပုံပြင်ထဲက ငတိကငါနဲ့တော်တော် တူတာပဲ... သူလည်း သိုးကျောင်းပဲဟာ... အစအနောက်သန် သတဲ့....
သိုးကျောင်းရေး.. ကျားလာတယ်ဆိုပြီးစတာ... နောက်ဆိုးတော့ကျား တကယ်လာတော့.... ဘယ်သူမှမလာတော့ပဲ ငိုညှူးတယ်ဆိုပဲ...
သိုးကျောင်းသားဟာ အဲဒီပုံပြင်ထဲက ဒဏ်ခိုင်း ရွာသားတွေကိုစမယ်... ဆိုပြီး သူ့ရဲ့သိုးတွေကို ရွာနဲ့မနီးမဝေးမှာ စားကျက်ညွတ်ထားပါတယ်.. ရွာသားတွေက ပုံပြင်စာအုပ်မဖတ်တဲ့သူတွေဆိုတော့ မသိကြဘူးပေါ့...
ကျပန်းစကိုတော့ ရပြီ.. ဟဲဟဲ..
ပေါက်ဒိုးမှာ.....
ကျား ဟိုး.... ကျား....
ကျား ဟိုး... ကျား... ကျား... ဟာ.. ဟင်... ဘိ...


ကျား..တဲ့....ဖမ်းဟ.....သတ်ဟ...60းပေး.....
60း
60း
ယား
အုန်း....
ယား.....
ဆမ်းမွှန်....
ယား
ဘယ်ခလဲ
ကျား..
ဟိုမှာ.....
ဘာ....
ယား..
အမ်..
ဒါနောက်စရောလား ကွ...
ငါနော်...
ဟိုဟိုဟို




နောက်တော်နေ့...
ဟင်းဟင်း..ဒီနေ့လည်းကျွဲဆူ
သွားအောင်မနေ့ကလိုမျိုး
ထပ်နောက်ဦးမှ...
ဂျပ်ပြန်ဘီ...
ကျားဟိုး.....ကျား.....ကျား.....
ဒဲဒီလိုသိုးကျောင်းသားကနောက်
ပြောင်ဖန်များလာတော့ကြာလာတာ
နဲ့အာမှုစိုးသားတွေမယုံတော့ဘူး
ဖြစ်လာတာပေါ့...
ကျားဟိုး
ကျား.....
ကျားမကလိုဆင်ပဲ
လာလာမယုံဘူးကွာ..
လာမှုစိုးနဲ့..ဟွင်း
ဟုတ်ပ
မနိုးမဝေးကတောထဲမှာသိုးကျောင်း
သားလိုပုံပြင်လေ့လာလိုက်စားတဲ့
ကျားတစ်ကောင်ရှိသတဲ့...
သိုးကျောင်းသားလိုသွား
ဖမ်းရင်ကျွဲသားတွေလည်း
ပုံပြင်ထဲကလိုလာမှာ
မဟုတ်ဘူး..ဟဲဟဲ
တွေ့လိုပေါ့ကွာ....


ငါနောက်တာရွာသားတွေရိုးသွားလိုပဲ....
ဟင်းဟင်း
နောက်တစ်ကျိုးပြောင်းပြီး
နောက်..နောက်... ဟာ...
ကျား...ကျား...
ကျားဖျိုးဝေအယ့်ကျား..
ကျားလာပြီဟု...
ဒီကျားကြည့်ရတာ..
စုံပြင်ဖတ်ထားလိုပဲ...
တွယ်တွယ်တောင်
မလျှပ်ပါလား...
ဒဲ့ဒဲ့ဒဲ့....
ကျားဟု...
အယ်ပါဘိုး...
အဖေငါး....
ရိုးပြီ..


ဘ..ဘာလုပ်ရမလဲ...
တစ်ခုခုကြံမှ...အိုး...
ဝါဟဒိမှာ အရေပါကတို့ရေ...
ကျုပ်တို့ရွာကို ဆရာဦးတဲ့...
နန်းခင်ဧယျာလာမှ
ထွက်ကြိုကြပါဗျို့...
ဘာတဲ့..
ရွာကကလေးတွေ...
အထုပ်တွေလာကူသယ်
ပါဗျို့...နန်းခင်ဧယျာ
လာမှို့...
နန်းလေးမင်းမန်းတော့မယ်
ဘွားကူသယ်မှ...
ဟာ...
ဟယ်...
ဟုတ်...
ဝေး
ရေး...
နန်းခင်ဧယျာက ရွာမှာ မတရားနာမည်ကြီး
နေတော့ ကြည့်ချင်စောနဲ့ ရွာလုံး ကျတ်ပေါက်
ချလာတော့ မှ မောင်ကျားလည်း ပြေးပါရော
လား ဗျာ...
ရွာသားတွေသမတာတော့
ခံရပြီဂျာတပေါ့ဗျာ...ကျား
စာမဖြစ်တာက်ကောင်းတယ်
နန်းခင်ဧယျာကယ်လို့...
ပြီး
ပုံပြင်ထဲမှာ
သူမပါဘူး..
လန့်မှ...

သားလိမ္မာပညာရှိ ဘဒြာမြီးကြွယ်



ဟိုး...ရှေးရှေးတုန်းက ပန်းဘဲလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုရတဲ့ ရွာကြီးတစ်ရွာမှာ မောင်ပညာဆိုတဲ့လူငယ်လေးတစ်ဦးရှိပါတယ်။ မောင်ပညာရဲ့ဖခင်စာဂဟာ ပန်းဘဲဆရာတစ်ဦးဖြစ်သလို၊ စာဂရဲ့ဖခင် (မောင်ပညာရဲ့အဘိုးပေါ့)ဟာလည်း ပန်းဘဲဆရာကြီးတစ်ဦးဖြစ်ပါတယ်။

စာဂဟာ သားဖြစ်သူ မောင်ပညာကို ငုံထားမတတ် အချစ်ပိုသလို၊ ဖခင်ဖြစ်တဲ့ဦးသီလကိုလည်း အင်မတန်မှချစ်ကြောက်ရိုသေသူတစ်ဦးပါ။ အသက်အရွယ်ကြီးရင့်မြိုဖြစ်လို့ ပင်ပင်ပန်းပန်းမလုပ်နိုင်တဲ့ ဖခင်အိုကြီးဦးသီလကို ဘာအလုပ်မှ မလုပ်စေဘဲ အိမ်ခေါင်းရင်းမှာထားပြီး လုပ်ကျွေးပြုစုပါတယ်။ ညအိပ်ရာဝင်တိုင်း



ခြေဆုပ်လက်နယ်ပြုလို့ ရှိခိုးပြီးမှ အိပ်တဲ့အတွက် ပတ်ဝန်းကျင်က စာဂကို . . .

" ခင်ဗျားဟာလေ စံပြသားတစ်ယောက်ဖြစ်သလို စံပြ ဖခင်တစ်ယောက်ဆိုလည်း အမှန်ပါပဲ။ ချီးကျူးတယ်၊လေးစားတယ်ဗျာ" လို့ပြောဆိုကြလေတော့ စာဂခများ တပြုံးပြုံးနဲ့ပေါ့။

မောင်ပညာလေး အရွယ်ရောက်လာတော့ ဖခင်ရဲ့ ပန်းဘဲလုပ်ငန်းမှာဝင်ရောက်ကူညီရင်းပန်းဘဲပညာကို တတ်ကျွမ်းအောင် သင်ယူသလို တစ်ဖက်တစ်လမ်း ကလည်းဘဝကိုအထောက်အကူပေးမယ့်စာပေကျမ်းဂန်တွေကို အချိန်ရရင် ရသလောက် လေ့လာဖတ်ရှုပါတယ်။ ဒါကြောင့် မောင်ပညာဟာ သူနဲ့သက်တူရွယ်တူတွေနဲ့ယှဉ်လိုက်ရင် အသိဉာဏ်ပိုပြီးထက်မြက်ထူးချွန်နေစမြဲပါပဲ။

တစ်နေ့မှာတော့ စာဂလည် အင်မတန်ချစ်ခင်ရှိသေရတဲ့ ဖခင်ကြီး ဦးသီလဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာသဘောကို မလွန်ဆန်နိုင်ဘဲ ရုတ်တစ်ရက် ကွယ်လွန်သွားခဲ့ပါတော့တယ်။

အဲဒီအချိန်မှာ အကြီးအကျယ် စိတ်ထိခိုက်တုန်လှုပ်သွားခဲ့ရသူက ကိုစာဂပါပဲ။ သည့်အတွက် ရဟန်းသံဃာတွေ၊ ရပ်မိရပ်ဖတွေက တရားနဲ့ဖြေဖို့ အမျိုးမျိုးဖြောင်းဖျပြောဆိုပေမဲ့လည်းသောကအပူမီးတို့ကငြိမ်းသွားတယ်မရှိပါဘူး။

ရေမိုးမချိုး၊ ကိုယ်လက်မသန့်စင် အဝတ်အစားတို့ကို မလဲ၊ နံ့သာလိမ်းကျံခြင်းမပြု အစာအာဟာရလည်းမစား လူရုပ်မပီလောက်အောင် အပူရုပ်တွေနှောင်ချည်ရင်း သူပိုင်တဲ့ ခြံဝန်းကျယ်ကြီးရဲ့ တစ်နေရာမှာ မြေပုံစေတီတည်လို့ ဖခင်ကြီးဦးသီလရဲ့ အရိုးတွေကို ထည့်သွင်းမြှုပ်နှံပါတယ်။ မနက်မိုးလင်းပြီဆိုတာနဲ့ အဲသည်မြေပုံစေတီရှိ သွားပြီးပန်းတွေနဲ့ ပူဇော်ရင်း တရှုံ့ရှုံ့ငိုကြွေးနေလိုက်တာ နေထွက်က နေဝင်ထိတိုင်အောင်ပါပဲ။ သည်လိုနဲ့ ရက်တွေကြာလာတဲ့အခါ မောင်ပညာလည်း သည်ပုံအတိုင်းဆိုရင် မဖြစ်ချေတော့ဘူးဆိုပြီး စဉ်းစားခန်းဝင်တော့တယ်။

" ငါ့အဖေဟာ အဘိုးသေတဲ့နေ့ကစပြီး သောကဖီးစီးမှုဒဏ်ကို ခံစားနေရတယ်။ သည်ပုံအတိုင်းဆို ငါ့အဖေဟာ မကြာခင် အစာပြတ်ရေပြတ်နဲ့ ဒုက္ခရောက်ပြီး ဘဝကူးလည်းကောင်းမှာ မဟုတ်ဘူး။ သည်တော့ ငါ့အဖေ အမြင်မှန်ရအောင်ငါကြံဆောင်မှဖြစ်မယ် "

အဲဒါနဲ့ပဲ မောင်ပညာဟာ ရွာပြင်မှာ မြွေကိုက်ခံရလို့ လဲကျသေဆုံးနေတဲ့ နွားသေတစ်ကောင်ကို တွေ့မြင်လိုက်ရတဲ့အခါ လက်ခနဲ အကြံရပြီး . . . မြက်ထုံးကိုထမ်း၊ ရေပုံးကိုဆွဲလို့ နွားသေနားရှိရာကို သွားခဲ့တယ်။ ရောက်တဲ့အခါ နွားသေနားကပ်လို့ . . . " ဟဲ့ နွား ငါဒီမှာ မြက်ကျွေးနေတယ်လေ . . . စား စား၊ ရေလည်းအသင့်ပဲသောက် သောက် " ဆိုပြီး မြက်တွေကို ဖြန့်ကျွေးလိုက် ရေကိုလည်း ပါးစပ်ထဲလောင်းထည့်လိုက်လုပ်နေခဲ့တယ်။ သည်မြင်ကွင်းကို တွေ့မြင်နေရတဲ့ ရွာသူရွာသားတွေဟာ အထူးအဆန်းဖြစ်ပြီး မောင်ပညာနားကို ဝိုင်းအုံလာကြတော့တယ်။

" အို . . . မောင်ပညာ မင်း . . . ရူးများနေသလားကွယ် "

" ဟုတ်ပါရဲ့ . . . ပိုးထိလို့ ပြန်ရှင်မလာတော့တဲ့နွားသေကောင်ကို မြက်ကျွေး၊ ရေတိုက်ရတယ်လို့ ဘာတွေဘယ်လိုဖြစ်ရတာပါလိမ့် "

အဲသည်လို ရွာသူရွာသားတွေက တစ်ယောက်တစ်ပေါက်ပြောဆို နေကြပေမဲ့ မောင်ပညာကတော့ ဘာတစ်ခွန်းမှ ပြန်လည်ပြောဆိုခြင်းမပြုဘဲ နှုတ်ဆိတ်လို့နေပါတယ်။ သည်အခါ မနေနိုင် မထိုင်နိုင်ဆိုသလို ရွာသူရွာသားအချို့ဟာ ကိုစာဂရှိရာကို ပြေးပြီးသတင်းပို့ကြတယ်။

" ဗျို့ . . . ကိုစာဂ၊ ခင်ဗျားသား မောင်ပညာဟာ ရွာအပြင်မှာ နွားသေကို မြက်တွေ ကျွေးလိုကျွေး၊ ရေတိုက်လိုတိုက် လုပ်နေတယ်။ ကျုပ်တို့မေးတော့

ဘာတစ်ခွန်းမှလည်း ပြန်မပြောဘူး။ မဟုတ်မှ လွဲရော ခင်ဗျားသားဟာ ရူးများရူးနေပြီးလား မသိဘူး ”

“ ဟင် . . . ဟုတ်လား ကျုပ်သားလေး ဘယ်လို များဖြစ်သွားရပါလိမ့် ” သည်တော့မှ ကွယ်လွန်သူ ဖခင်ကြီးအပေါ် လွမ်းမဆုံး ပူဆွေးကြေကွဲမဆုံးဖြစ်နေတဲ့ ကိုစာဂဟာ အလွမ်းတွေ ကြေကွဲမှုတွေ ဖြုန်းခနဲရပ် တန့်သွားပြီး သားဖြစ်သူမောင်ပညာအတွက် စိုးရိမ်စိတ် တွေ ဖိစီးလာတော့တယ်။ ဒါနဲ့ပဲ သတင်းလာပေးသူ တွေနဲ့အတူ သားရှိနေတယ်ဆိုတဲ့ ရွာပြင်ကို ကမန်းက တမ်း ပြေးထွက်လာတော့တယ်။ သည်အချိန်မှာ မောင် ပညာဟာ နွားသေကို မြက်ကျွေးနေဆဲ ရေတိုက်နေ ဆဲပါပဲ။

အို သား. . .၊ လူလေး မောင်ပညာ ဘာကြောင့်များ ယုတ္တိမရှိတာတွေ မဖြစ်နိုင်တာတွေကို လုပ်နေရသလဲ ကွယ်။ နွားက အရှင်လည်းမဟုတ်ဘူး။ အသေကြီး ကွယ့်။အသေကောင်ကို စားပါ။ သောက်ပါ လုပ်နေရ သလား။ ငါ့သား မင်းအနေနဲ့ နွားအသေကောင်ကြီး ကို မြက်ဘယ်လောက်ကျွေးကျွေး ရေဘယ်လောက် တိုက်တိုက် ထ လာမှာတော့မဟုတ်ဘူး။

လူလေးရယ် မင်းဟာ စာပေဗဟုသုတတွေ ပြည့် စုံသူဖြစ်ပါရဲ့သားနဲ့ဘာကြောင့်များသည်လိုမျိုးပြုရတာ တဲ့တုံး ” အဲသည်လို စိုးရိမ်စိတ်နဲ့ မေးလာတဲ့အခါ မောင်ပညာလည်း သူ့ဖခင်က ပြန်လည်မော့ကြည့် လိုက်ပါတယ်။ ဝိုင်းရံနေကြတဲ့ ရွာသူရွာသားတွေက ဘာများဖြစ်လာမလဲဆိုပြီး စိတ်ဝင်တစားနဲ့ပေါ့။

“ အဖေ ဟောသည်နွားရဲ့ ဦးခေါင်း၊ ခြေ၊ လက်၊ အမြီးတွေဆိုတာ အသက်ရှင်စဉ်က အတိုင်းပဲ အရာမ ယွင်း ရှိနေပါသေးတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မြက်ကို ကျွေးမယ် ရေကိုတိုက်မယ်ဆိုရင် ပြန်ထလာ လိမ့်မယ်လို့ အောက်မေ့မိတာပါ။

မကြာခင်က ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ အဘိုးဆို တာက အသက်ရှင်စဉ်တုန်းကလို ဦးခေါင်း၊ ခြေ၊ လက် တို့ မရှိတော့ဘူး မဟုတ်လား။ မီးသင်္ဂြိုဟ်ပြီး ရလာတဲ့ အရိုးတွေကို မြေပုံစေတီတည်လို့နေ့စဉ် ဝိုင်းကြွေးနေတဲ့ အဖေကပဲ ကိုယ့်လုပ်ရပ်၊ ကိုယ့်နည်းလမ်းမှန်မမှန် စဉ်းစားဆင်ခြင်ကြည့်ပါတော့ အဖေ ” ကိုစာဂဟာ မမျှော်လင့်ဘဲ သားကလေး မောင်ပညာရဲ့ နှုတ်က စကားတွေကို ကြားရတဲ့အခါ. . .

“ ဟာ ဟုတ်ပါရဲ့ . . . ငါ စိုးရိမ်ပူဆွေးသောက ရောက်နေရတာတွေဟာ ဘယ်မှာများ အကျိုးရှိလို့လဲ ” လို့ သဘောပေါက်လိုက်မိပါတယ်။ ဒါ့အပြင် ခပ်သိမ်း သောအရာ မှန်သမျှဟာ အမြဲထာဝရရှိမနေနိုင်ဘူးဆို တဲ့အသိကိုလည်း ရလိုက်တယ်။ ဒါနဲ့ပဲ

“ ငါ့သား မောင်ပညာ။ သားဟာ ပညာ အင်မတန် ရှိတဲ့ လူလိမ္မာကလေးပါပဲလားကွယ်။ ငါ့သားပြောဆို တဲ့ တရားနည်းလမ်းကျကျစကားတွေဟာ ပူလောင်နေ တဲ့ အဖေ့ရင်ကို အေးမြစေခဲ့ပါပြီ။ အဖေဟာ သားရဲ့ အဘိုးအတွက် သောကရောက်ခဲ့ရတယ်။ ဒါကို သား ရဲ့အဘိုးက ဘယ်လိုလုပ် သိနိုင်တော့မှာလဲ။ အဲသည် သောကတွေကပဲ အဖေ့ကို နှိပ်စက်ပါတယ်။

ခု . . . သားကြောင့် အဖေ့နှလုံးသားမှာ စူးနေခဲ့တဲ့ သောက ဆူးညောင့်တွေဟာ လုံးဝကင်းစင်သွားခဲ့ပါပြီ ကွယ်။အဖေ မငိုတော့ဘူး။ တို့သားအဖ ပျော်ပျော်ရွှင် ရွှင်နေ ကြတာပေါ့ကွယ်နော် ” လို့ ပြောဆိုလိုက်တယ်။

သည်လိုမျိုး လမ်းလွဲနေတဲ့ ဖခင်ကြီးဟာ လမ်း မှန် ပေါ်ကို ပြန်ရောက်သွားပြီဆိုတော့ မောင်ပညာ လည်း အတိုင်းမသိ ကျေနပ်မိတာပေါ့ကွယ်။

အဲသည်ကစလို့ ရွာသူရွာသားတွေရဲ့ပါးစပ်ဖျားမှာ “ ပညာရှိကလေး မောင်ပညာ၊ ပညာရှိကလေးမောင် ပညာ ” ဆိုတဲ့ ချီးမွမ်း ထောပနာပြုသံတွေဟာ ဘဝဂ် လှိုက်သွားပါတော့တယ်။

ကိုင်း သည်တစ်လအတွက် ပုံပြင်ကလေးကတော့ ဒီလောက်ပါပဲကွယ်။ ။

နန္ဒာမိုးကြယ်

သူဖုန်းစားအိုကြီးနှင့် နတ်သမီး

လင်းဇြမ်(အင်းစိန်)



တစ်နေ့သောအခါ၌ သူဖုန်းစားအိုကြီးတစ်ဦးသည် တစ်လမ်းဝင် တစ်လမ်းထွက် တစ်အိမ်ပြီးတစ်အိမ် လျှောက်သွားကာ တောင်းနေလေ၏။ သူတစ်ကိုယ် တည်း တီးတိုးညည်းညူ ပြောဆိုနေ၏။ ထိုလမ်း အတွင်းတွင် နေထိုင်ကြသူများသည် ချမ်းသာကြွယ်ဝ သောလူများသည် ကျေနပ်ခြင်းမရှိကြကြောင်း သူသ ဘောပေါက်မိလေ၏။ မည်မျှပင် ချမ်းသာ ချမ်းသာ ရောင့်ရဲခြင်းမရှိကြ။ ပိုက်ဆံပြီး ပိုက်ဆံ လိုချင်နေကြ ပြီး တစ်ခြားဘာမျှမလိုချင်ကြချေ။

သူဖုန်းစားကြီးဟာ သူ့ကိုယ်သူတီးတိုးပြောလေ၏။ " ဒါက အရမ်းကို ချမ်းသာကြွယ်တဲ့ လူရဲ့အိမ်ပဲ။ သူဘာလုပ်မလဲ။ သူက သင်္ဘောတွေဝယ်ပြီး ကုန် ပစ္စည်းတွေတင်မယ်။ အဲဒီပစ္စည်းတွေ ရောင်းရမယ့်နိုင် ငံကို လွှတ်ပြီးရောင်ခိုင်းမယ်။ ပိုက်ဆံထပ်ရမယ်။ အဲဒီ တော့ ဘာဖြစ်မလဲ။ မုန်းတိုင်းအကြီးကြီးနဲ့တွေ့ပြီး သူ့ လှေတွေ မှောက်ကုန်မယ်။ လှေပေါ်ပါလာတဲ့ ရွှေ၊ ငွေ၊ ရတနာတွေ ပင်လယ်အောက် မြုပ်ကုန်မယ်။ ပြီးတော့ သူ ဆင်းရဲသွားမယ် "

ထိုသို့ တီးတိုးရေးရွတ်နေရခြင်းကိုပဲ သူကျေနပ် နေလေသည်။

"နောက်ထပ် ငါသိတဲ့ ပိုက်ဆံတွေအများကြီးရှိတဲ့ လူတစ်ယောက်ကရော ကျေနပ်ရောင့်ရဲလို့လား ဟင့် အင်း. . . သူက အဲဒီငွေတွေထက် နှစ်ဆပိုလိုချင်လိမ့် မယ်။ သူဟာ လုံးဝကို ပျက်စီးသွားမယ်။ နောက်ထပ် ဥပမာတွေ အများကြီး ငါစဉ်းစားလို့ရသေးတယ်။ ဒါက မျှတတာပဲ. . . သူတို့ဟာ သူတို့ရှိတာနဲ့မှ မကျေနပ်ကြ တာကိုး "

တစ်ကိုယ်တည်း တီးတိုးပြောနေစဉ်တွင် ကံကြမ္မာ နတ်သမီးက ရုတ်တရက်ပေါ်ထွက်လာသည်။ သူ ဖုန်းစားကြီးက လှပလွန်းတဲ့ နတ်သမီးကို မြင်လိုက်ရတဲ့ အတွက် အံ့အားသင့်သွား၏။

" နားထောင်ပါဦး " နတ်သမီးကပြောသည်။

" ကျွန်မရှင့်ကို ကူညီဖို့စောင့်နေခဲ့တာကြာပြီ။ ရော့ ဒီမှာကျွန်မတွေ့ထားတဲ့ရွှေဒင်္ဂါးတွေ အများကြီးရှိတယ်။ ရှင့်ရဲ့အိတ်ထဲကို ရွှေဒင်္ဂါးတွေနဲ့ ဖြည့်ပေးမယ် "

သူဖုန်းစားကြီးက ရွှေဒင်္ဂါးတွေကို လောဘတကြီး ကြည့်လိုက်သည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်" နတ်သမီးကပြော ၏။ "ရွှေဒင်္ဂါးတစ်ပြား မြေကြီးပေါ်ကျသွားတာနဲ့ အိတ် ထဲမှာ ရှိတဲ့ ရွှေဒင်္ဂါးအားလုံးဟာ ဖုန်မှုန့်တွေ အဖြစ်ချက် ချင်း ပြောင်းသွားလိမ့်မယ်။ ကျွန်မပြောတာကို သေချာ မှတ်ထားပါ။ သတိပေးထားပါရစေ။ ရှင့်အိတ်က သိပ် ဟောင်းနေပြီ။ အရမ်းလေးလွန်းရင်ပြကျသွား လိမ့်မယ် " သူဖုန်းစားကြီးမှာ စကားကိုပင် ကောင်း ကောင်း မပြောနိုင်တော့။ သူ့အိတ်ကို ဖွင့်ပြီး ဒင်္ဂါးတွေ ကို ခံယူလိုက်သည်။ သိပ်မကြာခင်မှာပဲ အိတ်က လေး လံပြည့်ဖောင်းလာခဲ့တော့၏။

" တော်ပြီလား "နတ်သမီးကမေးသည်။

" ဟင့်အင်း " သူဖုန်းစားကြီး ကပြန်ဖြေသည်။

" ရှင့်အိတ်က ခိုင်ရဲ့လား။ ကွဲမထွက်စေနဲ့နော် "

" သေချာပါတယ်။ မပူပါနဲ့ "

" သေချာစဉ်းစားနော် " နတ်သမီးကဆိုသည်။

" ခုတင်ပဲ ရှင်အရမ်း ချမ်းသာနေပြီ "

" နည်းနည်းလောက် ထပ်ပေးပါဦး " သူဖုန်းစား ကြီးက ပြော၏။

" ကဲ . . . ရော့ရှင်။ ရှင့် အိတ်ပြည့်သွားပြီ။ သေချာ ဂရုစိုက်။ ကွဲထွက်တော့မယ် "

" ဟင့် အင်း . . . " သူဖုန်းစားကြီးက လောဘ တကြီး ပြောသည်။

" နည်းနည်း ထပ်လိုချင်သေးတယ် "

ထိုသို့ ပြောတုန်းမှာပင် အိတ်သည် ကွဲထွက်သွားပြီး ဒင်္ဂါးတစ်ချို့သည် မြေကြီးပေါ်သို့ ကျသွားလေ၏။ ထိုသို့ ကျသွားသည်နှင့် တပြိုင်နက် ဒင်္ဂါးအားလုံးသည် ဖုန်အဖြစ်ပြောင်းသွားလေ၏။ နတ်သမီးလည်း ပျောက် ကွယ်သွား၏။

သူဖုန်းစားကြီးအိတ်ထဲတွင် ဖုန်မှုန့်များသာ ကျန် ရစ်ခဲ့ပြီးအားလုံးဆုံးရှုံး သွားလေသည်။

လင်းငြိမ်(အင်းစိန်)

ခုနစ်မိုင်ရှည်မုတ်ဆိတ်နဲ့ ဖိုးလက်မလေး

မျိုးဇော်ထက်



ဟိုးရှေးရှေးတုန်းက အီဗန်လို့ခေါ်တဲ့ ရုရှားလုလင်တစ်ယောက် ရှိတယ်။ သူက ရုရှား ဇာဘုရင်ရဲ့သားပေါ့။ သူဟာ သတ္တိနဲ့ ပြည့်စုံပြီး ဟာသဉာဏ်ရွှင်ကာ ဉာဏ်ပညာလည်း ပြည့်စုံတယ်။

အီဗန်က သူ့မိဘတွေကို သိပ်ချစ်တယ်။ ဒါကြောင့် သူမှာ ဒုက္ခဖြစ်နေတာတစ်ခု ရှိတယ်။ သူ့မိဘတွေက အမြဲဝမ်းနည်းနေကြတယ်။ ဘာကြောင့်ဆိုတာ အီဗန်က သိတယ်။

ဟိုးရှေးရှေးတုန်းက သူ့မိဘတွေမှာ သူမမွေးမီ မွေးခဲ့တဲ့ သမီးချောလေးနှစ်ယောက် ရှိခဲ့တယ်တဲ့။ ဒီသမီးလေးတွေအတွက် သိပ်ကို ဂုဏ်ယူပြီး ဂရုတစိုက် စောင့်ရှောက်ခဲ့ကြတယ်။ နန်းတော်ကို ကြီးမားတဲ့ တံတိုင်းကြီး ဝိုင်းပတ်ပြီး ကာကွယ်ဖို့ စစ်သားတွေကလည်း မရေမတွက်နိုင်လောက်အောင် ရှိတယ်။ ပြုစု



မယ့် သူနာပြုတွေလည်း အပြည့်ရှိပါသတဲ့။

တစ်နေ့မှာ ဇာဘုရင်နဲ့ သူဖုန်း ဇာရီးနားတို့က ဆူဆူညံညံ ရှုပ်ရှုပ်ထွေးထွေးအသံတွေ ကြားရတယ်။ အစောင့်တွေနဲ့ သူနာပြုတွေဟာ ထိတ်လန့်တကြားနဲ့ ပြေးလာကြတယ်။ မင်းသမီးလေးတွေ ကစားနေတုန်းမှာ အဖြူရောင်လေပွေတစ်ခုက အခန်းထဲ ဝင်လာပြီး ပြတင်းပေါက်ကနေ သူတို့ကို သယ်သွားတယ်လို့ သူတို့က ပြောပြကြတယ်။

ဇာဘုရင်နဲ့ မိဖုရားက သူတို့သမီးတွေကို ကုန်းမြေအနှံ့မှာ လိုက်ရှာကြပါတယ်။ သူတို့ကို ဘယ်နေရာမှ မတွေ့ပါဘူး။ နောက်ဆုံးမှာ စိတ်နလုံး လေးလံလွန်းစွာနဲ့ သူတို့သမီးလေးတွေ သေပြီဆိုတာ လက်ခံလိုက်ရတယ်။

အီဗန်ကတော့ ရဲရင့်တဲ့ လုလင်လေးတစ်ယောက်ပါ။ သူမိဘတွေဆီ ပျော်ရွှင်မှုတွေ ပြန်သယ်လာနိုင်တယ်လို့ သူခံစားမိပါတယ်။ သူ့အစ်မတွေကို သယ်သွားတဲ့လေပွေဆိုတာ မကောင်းဆိုးဝါးတစ်ကောင်ဖြစ်ပြီး သူ့အစ်မတွေ အသက်ရှင်နေဦးမယ်လို့ သူ တကယ်ယုံတယ်။ ဒါကို တစ်ခုခုလုပ်ဖို့ သူ ဆုံးဖြတ်လိုက်တယ်။

"အစ်မတွေကို ရှာဖွေဖို့ ကျွန်တော့်ကို ခွင့်ပြုပါအဖေ"

သူ ခွင့်တောင်းတယ်။

"မင်းက အဖေ့ရဲ့ တစ်ဦးတည်းသောသားပါကွာ။ မင်းကို ဆုံးရှုံးဖို့ အဖေ မတွေးရဲဘူး။ အဖေ့စစ်သားတွေထဲက တစ်ယောက်ကို ပို့လွှတ်ချင်တယ်"

ဘုရင်က ပြောလိုက်တယ်။

ဒါပေမဲ့ ဘယ်သူရဲကောင်းမှ မသွားချင်ကြဘူးဆိုတာ အီဗန်က သိတယ်။ မကောင်းဆိုးဝါးနဲ့ ဘယ်သူမှ မတိုက်ခိုက်ချင်ကြပါဘူး။

သူ စဉ်းစားမိသည့်အတိုင်း တိုက်ရဲသူကို တိုင်းပြည်တစ်ဝက် အပ်နှင်းပြီး သမီးတော်တစ်ယောက်နှင့် ထိမ်းမြားပေးမည်ဆိုသည့်တိုင်အောင် ဘယ်သူရဲကောင်းမှ သွားဖို့ မပြောပါဘူး။

နောက်ဆုံးတွင် သူ့ဆန္ဒကို မျှားစွာဆန့်ကျင်လျက် ဇာဘုရင်က အီဗန့်ကို သွားခွင့်ပေးလိုက်သည်။ အီဗန်ကို သူနှင့်အတူ စစ်သည်တစ်သိန်း ခေါ်သွားဖို့ သူ ပြောပါတယ်။

"မခေါ်ဘူး အဖေ"

အီဗန်က ပြောတယ်။





“ကျွန်တော်တစ်ယောက်တည်း သွားရမယ်။ ဒါက အင်အားသုံးရမယ့်ကိစ္စ မဟုတ်ပါဘူး။ ဟာသဉာဏ်ရှင်ဖို့နဲ့ ဉာဏ်ကောင်းဖို့ပါ။ ကျွန်တော့်မှော်စောင်းကိုပဲ လိုပါတယ်။ သုံးနှစ်အတွင်း ကျွန်တော် ပြန်မလာခဲ့ရင် အခြားတစ်ယောက်ကို ဘုရင်အဖြစ် ရွေးလိုက်ပါ”

ဒီလိုပြောပြီး အီဗန်က သူ့စောင်းကိုယူကာ သူခရီးစတင်ပါတယ်။ ရက်ပေါင်းများစွာကြာတဲ့အခါ တောအုပ်ထဲမှာ ဝက်သစ်ချအပင်တွေနဲ့ ထင်းရှူးပင်တွေ အုပ်ဆိုင်းနေတယ်။ အလယ်မှာ မှော်အိမ်တစ်လုံးရှိတယ်။ အိမ်က ဟိုဒီလျှောက်နေတဲ့ ကြက်ခြေထောက်နှစ်ချောင်းပေါ်မှာ ရှိနေတာတဲ့။ အီဗန်က အိမ်ကိုငြိမ်ငြိမ်နေဖို့ အမိန့်ပေးပြီး သူ့ကို အထဲ ဝင်ခွင့်တောင်းပါတယ်။ အံ့သြစရာပါ။ အိမ်က သူ့စကား နားထောင်တယ်။ ချက်ချင်းပါပဲ။ အိမ်ထဲမှာ အရိုးပေါ်အရေတင်နေတဲ့ အဘွားအိုကြီးတစ်ဦး ရှိနေတာ တွေ့ရတယ်။ သူနှာမည်မေးကြည့်တော့–

“ဘာဘာ ယာဂါ” တဲ့။ သူက အော်လိုက်တယ်။

“ဘယ်ရုရှားမှ ဒီကိုမလာဘူးကွ။ မင်း ဘာကြောင့်



လာသလဲ”

အီဗန်က ပျောက်နေတဲ့ သူ့အစ်မနှစ်ယောက် အကြောင်း သူ့ကို ပြောပြတယ်။

ဘာဘာယာဂါက သူတို့အကြောင်းကို သိနေတဲ့ပုံပဲ။ သူက အီဗန့်ကို ကြောက်စရာ မကောင်းဆိုးဝါး အကြောင်း ပြောပြတယ်။ ခုနစ်မိုင်ရှည်တဲ့မုတ်ဆိတ်မွေးနှင့် လက်မလောက် လူကလေးဟာ လေပွေတစ်ခုလို စွမ်းအားရှိတယ်တဲ့။ သူ့အစ်မတွေကို သူ သယ်သွားတာပါ။

ဘာဘာယာဂါက အီဗန့်ကို ပြောပြတယ်။ တကယ်လို့ အီဗန်က သူ့တဲနောက်က လိုက်မယ်ဆိုရင် တဲက သူ့ကို လမ်းပြပေးပါလိမ့်မယ်တဲ့။ မကောင်းဆိုးဝါးကို သူ့တဲက လမ်းပြပေးမှာပါလို့ ပြောပြတယ်။

အီဗန်က ဘာဘာယာဂါကို ကျေးဇူးတင်စကား ပြောပြီး ဆက်ရှာတယ်။ တော်တော်များများ လျှောက်သွားပြီးတဲ့အခါ မကောင်းဆိုးဝါးရဲ့ တဲကို သူ ရောက်သွားတယ်။ တဲထဲမှာ မကောင်းဆိုးဝါး မရှိတာ သူတွေ့တယ်။ ဒါနဲ့ အီဗန်က မကောင်းဆိုးဝါးအထဲ ရောက်လာအောင် အကြံတစ်ခုထုတ်တယ်။ အနားက ဥယျာဉ်ထဲကနေ ဂေါဖီထုပ်အချို့ ဆွတ်ယူပြီး စွပ်ပြုတ်တစ်ခွက်စကျိုတယ်။ စွပ်ပြုတ်နှံ့ရတဲ့အခါ ခုနစ်မိုင်ရှည်မုတ်ဆိတ်နဲ့ လက်မလောက် လူကလေးဟာ အခန်းထဲကို လေမုန်တိုင်းလို ဝင်လာတယ်။

“ငါ့တဲထဲကို ဘယ်လိုသတ္တိနဲ့ ဝင်လာတာလဲဟေ့”

သူက ကြိမ်းမောင်းလိုက်တယ်။

အီဗန်က သိပ်သတ္တိကောင်းတယ်။ သူ့ကို ဒီလို သွားလာခွင့်ပေးတဲ့ သူ့မိဘတွေကို သိပ်ချစ်လို့ပေါ့။ သူက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။

“မင်းက အကောင်သေးသေးလေးပဲ။ ဒေါသအိုးကြီးတစ်ခုလိုအပစ်မခံရခင် နည်းနည်းထပ်ကြိုးလိုက်ဦး”




ဒါက မကောင်းဆိုးဝါးကို ဒေါသပိုကြီးသွားစေတယ်။ သူ့ကိုယ်သူ အီဗန်ဆီ ပစ်လွှတ်လိုက်တယ်။ အီဗန်က မကြောက်ဘူး။ ဒေါသကြီးနေသူက မှန်မှန်ကန်ကန် မလုပ်နိုင်တာ သူသိနေလို့ပေါ့။

အီဗန်က မကောင်းဆိုးဝါးကို ရှောင်လိုက်ပြီး သူ့မုတ်ဆိတ်မွေးတွေကို ဖမ်းလိုက်တယ်။ သူကိုတောင် ယဉ်တိုက်ဆွဲသွားမတတ်ပဲ။ မကောင်းဆိုးဝါးက ဘယ်လောက်ကြိုးစားပေမဲ့ အီဗန်ရဲ့ပြုပ်တူလို ဆုပ်ကိုင်ထားမှုကနေ မလွတ်ပါဘူး။

နောက်ဆုံးမှာ သူလွတ်ဖို့ ဆတ်ခနဲ ရုန်းထွက်ပြီး တဲဆီ ပြေးတယ်။ သူ့ရဲ့မုတ်ဆိတ်တော်တော်များများက အီဗန့်လက်မှာ ကျန်ခဲ့တယ်။ အီဗန်က လိုက်တဲ့အခါ သူပျောက်သွားတယ်။

သူ့အစ်မတွေကို ဘယ်မှာရှာရမလဲဆိုတာ အီဗန် မသိပြန်တော့ဘူး။ သူအစီအစဉ်တစ်ခု ချလိုက်တယ်။ မြစ်ကို ဖြတ်ပြီး ကူးတို့လေ့လော်ကာ ကူးတဲ့သူတွေကို တစ်ယောက်ချင်း မေးတယ်။ သူ့အစ်မတွေကို သိသလားလို့ မေးတယ်။ တစ်နှစ်ပတ်လုံး သူစုံစမ်းပေမယ့် ဘယ်သူမှ သူ့အစ်မတွေအကြောင်း မပြောနိုင်ပါဘူး။





တစ်နေ့မှာတော့ ဘုရားဖူးအဖိုးအိုသုံးယောက်က မြစ်ကို ကူးပေးဖို့ သူ့ကို ရွှေတွေပေးတယ်။ အီဗန်က မကောင်းဆိုးဝါးအကြောင်း ပြောပြရင် ရွှေကို ပြန်ပေးမယ်လို့ ပြောလိုက်တယ်။

အကြီးဆုံးဘုရားဖူးက မကောင်းဆိုးဝါး ဘယ်မှာရှိတယ်ဆိုတာ ကိုယ့်ဘာသာ တွေးကြည့်သင့်တယ်။ အဲဒီနေရာမှာ မကောင်းဆိုးဝါး ရှိလိမ့်မယ်လို့ အီဗန်ကို ပြောပြတယ်။

ဘုရားဖူးတွေ ပြောတဲ့အတိုင်း အီဗန်က သူ့အစ်မတွေကို မကောင်းဆိုးဝါးက ဘယ်မှာ ထားမလဲလို့ ကိုယ်တိုင်တွေးကြည့်တယ်။ မျက်စိတစ်ဖက်ထဲမှာ သူ့ကိုယ်သူ မည်းမှောင်နေတဲ့ ဂူဝတစ်ခုရှေ့မှာ တွေ့ရတယ်။ အထဲမှာ မကောင်းဆိုးဝါးကို သူ လှမ်းမြင်ရတယ်။

"ငါ့အစ်မတွေ ငါ့ကိုပေး"

အီဗန်က တောင်းလိုက်တယ်။ မကောင်းဆိုးဝါးက သူ့ကို ကြည့်ပြီးရယ်နေတယ်။ အီဗန့်အစ်မတွေရဲ့ လှပတဲ့ ရွှေရောင်ဆံပင်တွေဆွဲပြီး အီဗန့်ရှေ့ကို ခေါ်ထုတ်လာပြီး အနားက အမည်းရောင်လိုင်းလုံးတွေကြားထဲကို လွှင့်ပစ်ဖို့ လုပ်တယ်။


အီဗန်က အမြန်တွေးလိုက်တယ်။ တကယ်တော့ သူဗျပ်စောင်းက အဖြေပဲလေ။ စောင်းကိုပိုက်ပြီး သံစဉ်ချိုချိုသီချင်းတစ်ပုဒ်ကို သူတီးလိုက်တယ်။ သီချင်းသံကြားတော့ မကောင်းဆိုးဝါးက တုံ့ဆိုင်းသွားပြီး အစ်မနှစ်ယောက်ကို လွှတ်ပေးလိုက်တယ်။ ပြီးတော့ သူကတယ်။ သူရဲ့ မုတ်ဆိတ်ရှည်တွေ သူနှားမှာဝဲနေအောင် လှည့်ပတ်ကနေတာ။ လေပွေတစ်ခုလို ဖြစ်နေတယ်။ သီချင်းသံကြားနေရတာနဲ့အတူ မကောင်းဆိုးဝါးက ကနေတယ်။

အီဗန်က ဖြတ်ထိုးဉာဏ် သုံးလိုက်တယ်။ သူ့စောင်းကို မြေပေါ် ချထားပြီး ဆက်မြည်နေစေဖို့ အမိန့်ပေးလိုက်တယ်။ မကောင်းဆိုးဝါးက ဆက်ကနေတုန်းမှာ အီဗန်နဲ့ သူ့အစ်မနှစ်ယောက်က ထွက်ပြေးလာကြတယ်။

ဒါဟာ သူမိဘတွေကို သူသိပ်ချစ်ကြောင်း အီဗန်က ပြတာပေါ့။ မိဘတွေရဲ့ မျက်နှာမှာ ဝမ်းနည်းမှုတွေ သူမတွေ့ရတော့ဘူး။ သူ့ရဲ့ဖြတ်ထိုးဉာဏ်နဲ့ ဉာဏ်ထက်မြက်မှုအတွက် သူတို့သိပ်ချစ်တဲ့သမီးတွေကို အီဗန်က ပြန်ပေးတာပေါ့ကွယ်။ သူမိဘတွေက သူ့ကိုချစ်တဲ့အချစ်ဟာ မကောင်းဆိုးဝါးကို သူ ရင်ဆိုင်ဖို့ ရဲစွမ်းသတ္တိကိုရစေတယ်။

ပြီးပါပြီ။

Nutroplex®







အခွင့်အရေးတွေ၊ ပြိုင်ဆိုင်မှုတွေပြည့်နေတဲ့ ကလေးတွေရဲ့အနာဂတ်မှာ သန်စွမ်းကျန်းမာပြီး
ထူးချွန်ထက်မြက်အောင် ပြင်ဆင်ပေးဖို့ ... **ဒီနေ့ပဲ နယူထရိုပလက်(စ်) နဲ့ အစပြုလိုက်ပါ။**

နယူထရိုပလက်(စ်) Nutroplex® တွင် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရန် အတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်ဓာတ်များ၊
သတ္တုဓာတ်များအပြင် သံဓာတ်နှင့် လိုင်စင်းဓာတ်တို့ပါဝင်သဖြင့် ...

- ခန္ဓာကိုယ်သန်စွမ်းဖွံ့ဖြိုးစေသည်။
- ဉာဏ်ရည်ကို တိုးတက်ထက်မြက်စေသည်။
- အစားများများစားချင်စိတ်ကို ဖြစ်ပေါ်စေသည်။

UNITED PHARMA
Serving Your Healthcare Needs

သန်စွမ်းထက်မြက် အနာဂတ်အတွက် နယူထရိုပလက်(စ်)